မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၇ရက်၊ စနေနေ့၊ အတွဲ(၆၇)၊ အမှတ်(၃၅၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra အား ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံး Minister, Mr. Manoj Kumar Bharti နှင့် ပထမအတွင်းဝန် Mr.Raj K. Srivastava တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကော့သောင်းခရိုင်၌ အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ခင်းကို ဤသို့ တွေ့ရသည်။

ဆီအုန်းစိုက်ပါ ပြည့်ဝမ်းစာ ဆတိုးစိုက်ပျိုး စီးပွားတိုး

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုအခြေအနေမှာ သီးနှံများစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အနေအထားဖြင့် ပြည့်စုံ၍ အဓိကသီးနှံဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများ အထွက်တိုးစိုက်ပျိုးနိုင်သော အခြေအနေကောင်းများရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ◆

သတင်းဆောင်းပါး
မောင်မောင်(တနင်္သာရီ)
ဓာတ်ပုံ
ဦးဇော်ဝင်း(မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)
စာမျက်နှာဖွဲ့စည်းမှု-ဇော်ထွန်းဦး

ကမ္ဘာကြီးပူနွေးမှုကို ကိုင်တွယ်မည့်ခြေတစ်လှမ်း

မြင့်မောင်စိုး-ကိုးကားရေးသားသည်

ဆစ်ဒနီ စက်တင်ဘာ ၂၆

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုများဖောက်ပြန်ကာ မုန်တိုင်းများ ဖြစ်ပေါ်မှု၊ ရေကြီးမှု၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုစသော သဘာဝဘေးအန္တရာယ်များ တိုးပွားများပြားလာလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်)

ကျန်းမာသန့်စွမ်းကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်ရေး သဘာဝက ဖန်တီးပေးထားသည့် မိခင်နို့ရည် စနစ်တကျတိုက်ကျွေးပေး

ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်ညွှန်ပြမှုကို ခံယူပြီး တစ်မျိုးသားလုံးကျန်းမာရေး အဆင့်အတန်း မြင့်မားလာစေရန် စီမံကိန်း၊ စီမံချက်များ စနစ်တကျချမှတ် အကောင်အထည်ဖော်လျက်ရှိရာ မိခင်နို့ စနစ်တကျတိုက်ကျွေးသည့် စီမံချက်လည်း အဓိကလုပ်ငန်းတစ်ရပ်အဖြစ် ပါဝင်သည်။

မြန်မာနိုင်ငံတွင် ယင်းစီမံချက်ကို ၁၉၉၃ခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုနှစ် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံများအဖြစ် ဆေးရုံပေါင်း ၄၄၅ရုံကိုလည်းကောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးသော(အိမ်တွင်မွေးဖွားခြင်း)မြို့နယ်ပေါင်း ၁၅၉မြို့နယ်ကိုလည်းကောင်း မိခင်နို့ စနစ်တကျတိုက်ကျွေးရေး မြို့နယ်များအဖြစ် မှတ်တမ်းပြုနိုင်ခဲ့သည်။

မွေးဖွားပြီးတစ်နာရီအတွင်း မိခင်နို့ စတင်တိုက်ကျွေးခြင်းဖြင့် ကမ္ဘာတစ်လွှားရှိ ကလေးငယ်ပေါင်းတစ်သန်း၏ အသက်ကို ကယ်တင်နိုင်စွမ်း ရှိပေသည်။

မိခင်နို့ရည်သည် ရင်သွေးငယ်များအတွက် သဘာဝက အသင့်လျော်ဆုံးဖြစ်အောင် ဖန်တီးပေးထားခြင်းဖြစ်ပြီး မွေးဖွားပြီး နာရီဝက်အတွင်း မွေးကင်းစကလေးငယ်များအား တိုက်ကျွေးပေးခြင်းဖြင့် ထူးခြားသောစွမ်းရည်သတ္တိများ ရရှိနိုင်မည်ဖြစ်သည်။ မိခင်နို့ရည်တိုက်ကျွေးခြင်းဖြင့် မိခင်၏ခန္ဓာကိုယ်သည် ကလေးငယ်အပေါ် နွေးထွေးမှုကိုပေးနိုင်ခြင်း၊ ကလေးငယ်သည် စိတ်ဖိစီးမှုလျော့နည်းကာ သက်သောင့်သက်သာရှိပြီး အသက်ရှူနှုန်း၊ နှလုံးခုန်နှုန်း ပိုမိုကောင်းခြင်း၊ မိခင်ထံမှ အန္တရာယ်မရှိသော ဗက်တီးရီးယားပိုးများနှင့် ရောဂါကာကွယ်နိုင်သောဓာတ်များကို မိခင်နို့ရည်မှတစ်ဆင့်ရနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်း၊ ကျန်းမာသန့်စွမ်းကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေးကို အမျိုးသားရေးတာဝန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၇-၉-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မြက်ဖျားနှင်း** (သရုပ်ဆောင် လူမင်း၊ ထက်ထက်မိုးဦး၊ ဝိုင်းစုခိုင်သိန်း)
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၉)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း **နတ်ဝိညာဉ်စစ်ဆင်ရေး** (အပိုင်း-၂)

စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူပင် အထူးဇုန်(၁) တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် စက်တင်ဘာ ၁၈ရက်က မုံရွာခရိုင် ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် (၂၆/၀)ရှိ စစ်ကိုင်းတိုင်း ခြံစည်းရိုး ကြက်ဆူပင် အထူးဇုန်(၁)သို့ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမ၌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အထူးဇုန်(၁)ရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ နှစ်အလိုက်ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများ၊ မျိုးသန့်မျိုးပွားရန် ဧက၂၆၀၀ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးသည် ခြံစည်းရိုးကြက်ဆူပင် အထူးဇုန်(၁)ရှိ ဌာနဆိုင်ရာ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့တွင်း ရေပေးဝေရေး လားရှိုးမြို့နယ်၌ ဆောင်ရွက်

လားရှိုး စက်တင်ဘာ ၂၆

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေပေးဝေလျက်ရှိသည့် သာသနာ (၂၅၀၀)ရေစက်ရုံအား လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းက ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ ၄၅လမ်းရှိ ဟသ်ာတ အသင်းတိုက် အဆောက်အအုံသစ် တည်ဆောက်ရေးအတွက် ဒေါက်တာ တင်ထွန်းဦး၊ ဒေါက်တာ ခင်မိုးမိုး မိသားစု(SWESONE MEDIA GROUP)က ငွေကျပ် ၁၀သိန်းကို ဟသ်ာတအသင်း ဒုတိယဥက္ကဋ္ဌဦးအောင်သန်းညွန့်နှင့် ဦးတင်ရှိန်တို့ထံ စက်တင်ဘာ ၂၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ကြီး စက်တင်ဘာ ၂၆

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ရက်က တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၏ ဦး၊ ရေး၊ ထောက်ဆိုင်ရာ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ တိုင်းမှူးက တင်ပြချက်များအပေါ် ဖြည့်စွက် ရှင်းလင်း မှာကြားသည်။

ရှေ့လုပ်ငန်းစဉ်

ဆက်လက်၍ အစည်းအဝေး အစီအစဉ်အတိုင်းကျင်းပရာ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးများ၏ တင်ပြချက်များအပေါ် ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က အားသာချက်၊ အားနည်းချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(ပြည်နယ်ရဲတပ်ဖွဲ့)**

အငြိမ်းစား ဆရာ၊ ဆရာမများ အာစရိယပူဇော်ပွဲ ညောင်လေးပင်မြို့နယ်၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

ညောင်လေးပင်မြို့ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယ ပူဇော်ပွဲကို နိုဝင်ဘာ၁၂ရက် (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည် ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဦးအေးဝင်း ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးဉာဏ်ထွန်း ဖုန်း-၀၉-၈၉-၇၀၆၇၂၊ ဦးတင့်ခိုင် ဖုန်း-၀၁-၇၀၅၆၀၉၊ ဦးစောမြင့် ဖုန်း-၀၁-၂၀၁၆၅၇၊ ဦးစိုးဝင်း-ဒေါ်နု(ရွှေဆိုင်) ဖုန်း-၀၅၂-၅၀၂၆၂၊ ၀၅၂-၅၀၇၅၅ (၂၅၅)၊ ဦးမင်းအောင်-ဒေါ်အေးအေးမြ ဖုန်း-၀၅၂-၅၀၂၃၇၊ ဦးစိုးလွင်-ဒေါ်သန်းသန်းဌေး ဖုန်း-၀၅၂-၅၀၂၂၄၊ ဦးမျိုးဆွေ-ဒေါ်ခင်စောယု ဖုန်း-၀၅၂-၅၀၄၂၁၊ ဦးအောင်သူ(ကြယ်ကမ္ဘာ) ဖုန်း-၀၅၂-၅၀၄၉၆၊ ဦးမျိုးနိုင် ဖုန်း-၀၅၂-၅၀၂၁၃၊ ဦးလှိုင်ဝင်း ဖုန်း-၀၅၂-၅၀၃၃၈၊ ၀၅၂-၅၀၃၃၉၊ ဒေါ်ခင်မာညို ဖုန်း-၀၅၂-၅၀၂၁၈၊ ဒေါက်တာတင်တင်အေး ဖုန်း-၀၁-၅၁၂၉၄၆၊ ဒေါ်ရီရီစံ(ထ/ပြ၊ ပြွန်တန်ဆာ) ဖုန်း-၀၅၂-၅၉၄၃၃၊ ဦးမျိုးကျော်ဇော-ဒေါ်ကေသွယ်ဦး(ရီရှင်ကုမ္ပဏီ) ဖုန်း-၀၅၂-၅၀၄၇၈နှင့် ဦးရန်နိုင်မိုး-ဒေါ်မို့မို့ဝင်း(ရွှေဟသ်ာပရဆေး) ဖုန်း-၀၅၂-၅၀၃၂၀တို့သို့ အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

စက်တင်ဘာ၂၆ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။
(ဓမ္မပဒ - ၂၀၄)



နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေး၏ စက်တင်ဘာ ၂၅ရက် မွန်းလွဲပိုင်း အစည်းအဝေး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဘာမြူဒါတောင်ပိုင်းသို့ ကိုင်လီမုန်တိုင်းဦးတည်နေ

မီယာမီ စက်တင်ဘာ ၂၆

ဘာမြူဒါတောင်ပိုင်းသို့ ကိုင်လီအမည်ရှိ မုန်တိုင်း ဦးတည်ရွေ့လျားနေကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းဌာနက စက်တင်ဘာ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ကိုင်လီမုန်တိုင်းသည် လောလောဆယ်၌ မုန်တိုင်းအတွင်း လေတိုက်ခတ်နှုန်း တစ်နာရီလျှင် မိုင်၅၀ခန့်ရှိနေကြောင်း၊ တဖြည်းဖြည်းနှင့် အင်အား ကောင်းလာဖွယ်ရှိပြီး စက်တင်ဘာ၂၇ရက် **(ယနေ့)** ၌ မီယာမီကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း

သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန် ဗင့်နော့မြို့၌ လေပြင်းမုန်တိုင်း တိုက်ခတ် ဓာတ်အားလိုင်းများ ပြတ်တောက်

နယူးယောက် စက်တင်ဘာ ၂၆

အမေရိကန်နိုင်ငံ ဗင့်နော့မြို့နှင့် အနီးဝန်းကျင်ဒေသများသို့ စက်တင်ဘာ၂၆ရက်ကတစ်နာရီလျှင် မိုင်၆၀ကျော်နှုန်းရှိသည့် လေပြင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေလွှမ်းမှုနှင့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးကာ ကားလမ်းများ ရေလွှမ်းခဲ့ကြောင်း၊ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးတွင် ဝန်ကြီး ဦးဉာဏ်ဝင်း သဘာပတိအဖြစ် ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၆

နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေး၏ စက်တင်ဘာ၂၅ရက် မွန်းလွဲပိုင်းအစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်စဉ် မက်ခရိုနီးရှားနိုင်ငံသမ္မတ၊ ဂီနီဘစ်ဆောနိုင်ငံသမ္မတ၊ ဆွာဇီလန်နိုင်ငံဘုရင်၊ တီမောလက်စ်တေနိုင်ငံသမ္မတ၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ၊ ဆူဒန်နိုင်ငံ ဒုတိယသမ္မတနှင့် စပိန်နိုင်ငံဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

တရုတ်အနောက်တောင်ပိုင်းတွင် ရေလွှမ်းပြီးမြေပြို ၁၄ဦးသေဆုံး၊ နေအိမ်များ ရေနစ်မြုပ်

ပေကျင်း စက်တင်ဘာ ၂၆

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် စက်တင်ဘာ၂၆ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုနှင့် မြေပြိုမှုဖြစ်ပွားရာ ၁၄ဦးသေဆုံးခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

မြေပြိုမှုနှင့် ရေလွှမ်းမှုဖြစ်ပွားသည့်နေရာမှာ မင်ယန်မြို့တွင်ဖြစ်ပြီး နေအိမ်အချို့ပျက်စီးကာ လမ်းများရေလွှမ်းမှုကြောင့် သွားလာရေးပြတ်တောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** နေအိမ်များ ရေနစ်မြုပ်မှုကြောင့် ဒေသခံများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေ အားအသင့်အတင့်မှအားကောင်းနေ

ရန်ကုန် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၅ ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါက အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်တွင် ရေလွှမ်းမှုဆက်လက်ဖြစ်ပွားပြီး အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဘိုဂေါခရိုင်၌ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

စက်တင်ဘာ၂၆ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို ဖော်ပြရလျှင် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး မွန်ပြည်နယ်၌ ဒေသအလိုက် မိုးရွာသွန်းခဲ့သည်။

စက်တင်ဘာ၂၆ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော်	၀ ဒသမ	၂၄ လက်မ
ကျိုက္ကမီ	၆ ဒသမ	၆၉ လက်မ
လောင်းလုံ	၄ ဒသမ	၆၁ လက်မ
ရေး	၄ ဒသမ	၀၂ လက်မ
ပူတာအို	၃ ဒသမ	၃၁ လက်မ

စက်တင်ဘာ၂၇ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

ထစ်ချုန်းရွာနိုင်

စက်တင်ဘာ၂၇ရက် **(ယနေ့)** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မုတ်သုံလေ

မြန်မာစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကာ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းလျက်ရှိသည်။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းဖော်ပြလိုက်ရပါသည်။ ॥

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

27-9 (03).pmd 1 9/27/2008, 2:49 AM

တောင်အာဖရိကသမ္မတသစ်အဖြစ် အေအင်န်စီဒုတိယခေါင်းဆောင်မော့လန်သီ ရာထူးလက်ခံ

ကိတ်တောင်း စက်တင်ဘာ ၂၆

တောင်အာဖရိကနိုင်ငံအာဏာရ အာဖရိကအမျိုးသားကွန်ဂရက်ပါတီ(အေအင်န်စီ)၏ ဒုတိယခေါင်းဆောင် မစ္စတာမော့လန်သီသည် တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီ၏နေရာကို အစားထိုးကာ ကျမ်းသစ္စာကျိန်ဆိုပြီး သမ္မတရာထူးကို စက်တင်ဘာ ၂၆ ရက်က ရယူလိုက်ပြီ ဖြစ်သည်။

ထောက်ခံမဲ

ကိတ်တောင်းမြို့၌ စက်တင်ဘာ ၂၆ ရက်စောစောပိုင်းက တောင်အာဖရိကသမ္မတရာထူးအတွက် လျှို့ဝှက်မဲပေးရွေးချယ်ရာတွင် မဲပေါင်း ၃၆၀ အနက် ၂၆၉ မဲက မစ္စတာ မော့လန်သီကို ထောက်ခံသည်။ ပယ်မဲ ၄၁မဲရှိပြီး ၄င်းအားအဓိကစိန်ခေါ်သူ အတိုက်အခံ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့မှ ဂျိုးဆာရီမင်းမှာ ထောက်ခံမဲ ၅၀သာ ရရှိသည်။

အကျဉ်းချခံရ

သမ္မတသစ် မစ္စတာ မော့လန်သီမှာ တောင်အာဖရိကနိုင်ငံ အသားအရောင်ခွဲခြားရေးဝါဒကျင့်သုံးစဉ်က ရော်ဘင်ကျွန်းတွင် နယ်ဆင်မင်ဒဲလားနှင့်အတူ အကျဉ်းချထားခြင်းခံခဲ့ရသူ ဖြစ်သည်။ **(အင်တာနက်)**

စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်ကြီးကို စက်တင်ဘာ ၂၅ ရက်က ဝေဟင်မှ တွေ့ရစဉ်။ (ချန်ဂီလေဆိပ်အနေဖြင့် ခရီးသွားဧည့်သည်များအား အကောင်းဆုံး ဝန်ဆောင်မှုပေးသည့် လေဆိပ်များတွင် တစ်ခုအပါအဝင် ဖြစ်သည်။) **(အင်တာနက်ဓာတ်ပုံ)**

ရေအားလျှပ်စစ် စီမံကိန်း မဲခေါင်ဒေသတွင်း နိုင်ငံများ တွေ့ဆုံဆွေးနွေး

ဗီယန်ကျင်း စက်တင်ဘာ ၂၆

မဲခေါင်ဒေသတွင်းနိုင်ငံများ၏ မဲခေါင်မြစ်ဝှမ်းတစ်လျှောက် မဲခေါင်ရေအားလျှပ်စစ် တည်ဆောက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စက်တင်ဘာ ၂၅ရက်က အဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံတို့ ဆွေးနွေးတိုင်ပင်သည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို အိမ်ရှင်နိုင်ငံအဖြစ် လာအို၌ကျင်းပပြီး မဲခေါင်မြစ်ဝှမ်းကော်မရှင် အမ်အာရ်စီအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် မိတ်ဆွေဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံတို့က မဲခေါင်ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်း၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရေးအတွက် သုံးရက်ကြာ ဆွေးနွေးမည်ဖြစ်သည်။

တိုးမြှင့်လုပ်ဆောင်

အမ်အာရ်စီအဖွဲ့အနေဖြင့် မဲခေါင်ဒေသနိုင်ငံများ၏ လူမှုစီးပွားရေးနှင့် မဲခေါင်မြစ်ဝှမ်းအတွင်း ရေအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အသုံးပြုခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာတို့အပြင် မဲခေါင်ရေအားလျှပ်စစ် စီမံကိန်းကို အတူတကွ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းကို တိုးမြှင့်လုပ်ဆောင်သွားမည် ဖြစ်သည်။

၄င်းသုံးရက်ကြာ အစည်းအဝေးကျင်းပပြီးနောက် ကိုယ်စားလှယ်အဖွဲ့များသည် လာအိုနိုင်ငံ ကမ်မြူရန်ပြည်နယ်ရှိ တန်ဟင်ဟွန် ရေအားလျှပ်စစ်လုပ်ငန်းသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ **အမ်အင်န်အေဆင်ဟွာ**

ကန်တပ်ဖွဲ့ဝင် တစ်ဦး အီရတ်၌ သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၃၀ခန့်အကွာ ဆာလ်မန်ပက်ဒေသတွင် စက်တင်ဘာ ၂၄ရက်က ပစ်ခတ်တိုက်ခိုက်မှုအတွင်း အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဆာလ်မန်ပက်ဒေသ အနောက်ပိုင်းကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးစေသည့် လက်နက်ငယ်တိုက်ပွဲ ဖြစ်ပွားခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်ကို ကျူးကျော်ပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၄၁၆၉ ဦး ရှိသွားပြီ ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ **အမ်အင်န်အေဆင်ဟွာ**

ကယ်ကွတ်၌ ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။ (ယင်းကားဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ၂၄ ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း၌ တိုက်ခိုက်မှုများဖြစ်ပွား လုံခြုံရေးတပ်ဖွဲ့ဝင် ၂၈ဦး သေဆုံးခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းတွင် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စက်တင်ဘာ ၂၄ရက်က အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများဟု ယူဆရသူများက ချောင်းမြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၈ဦး သေဆုံးသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းတိုက်ပွဲမှာ နံနက် ၃ နာရီခွဲခန့်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ပူးပေါင်းတပ်ဖွဲ့များအနေဖြင့် ဒီယာလာပြည်နယ်အတွင်းရှိ အယ်လ်ခိုင်ဒါအကြမ်းဖက်သမားများဟု ယူဆရသူများအား ရှာဖွေတိုက်ခိုက်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဝင်ရောက်

ဒီယာလာပြည်နယ် မြို့တော် ဘာကူဘာမြို့တောင်ဘက် ကီလိုမီတာ ၃၀အကွာရှိ အယ်လ်ဒူလီမတ်ကျေးရွာတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး ရဲအရာရှိနှစ်ဦး အပါအဝင် ရဲတပ်ဖွဲ့ဝင်၂၀သေဆုံးခဲ့သည်။ ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦးလည်း သေဆုံးသွားခဲ့သည်။

ဖော်ပြ

တိုက်ပွဲမှာ ယခုအချိန်တွင် ပြီးစီးသွားပြီဖြစ်သော်လည်း သေဆုံးသည့် အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင် ဦးရေကိုမူ မသိရသေးကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

ကျူးကျော်တိုက်ခိုက်

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ၂၀၀၃ခုနှစ်မှ စတင်၍ အီရတ်နိုင်ငံသို့ ကျူးကျော်တိုက်ခိုက်ခဲ့စဉ်ကတည်းက ဒီယာလာပြည်နယ်မှာ ဗုံးခွဲမှုများနှင့်အခြားနည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ရာ အများဆုံးပြည်နယ်တစ်ခုဖြစ်သည်။

အီရတ်တပ်ဖွဲ့ဝင်များသည် ဒီယာလာပြည်နယ်အတွင်း အကြမ်းဖက်သမားဟု ယူဆရသူများ ရှာဖွေရေးကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေဆင်ဟွာ**

ပါကစ္စတန် အစ္စလမ္မာဘတ်လေဆိပ်၌ ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ လေဆိပ်၌ စက်တင်ဘာ ၂၅ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးရှာဖွေရာမှ မပေါက်ကွဲခင် ဖောက်ခွဲရေးပစ္စည်းများနှင့် မသင်္ကာသူ တစ်ဦးထံမှ သိမ်းဆည်းရမိခဲ့ကြောင်း အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ဖမ်းဆီး

ယင်းဖြစ်ပွားမှုသည် မွန်းလွဲ ၁၂ နာရီ မိနစ်၄၀ခန့်က အသေခံဖောက်ခွဲ တိုက်ခိုက်မည့် အကြမ်းဖက်သမားသည် ကရာချိမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(ပီအိုင်အေ)ရုံးသို့ ဖုန်းဖြင့်အဆက်အသွယ်ပြုလုပ်နေစဉ် ၄င်းအားဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ပိုမိုတိုက်ခိုက်

ပါကစ္စတန်နိုင်ငံအတွင်း မြို့ကြီးများ၌ အသေခံ ဗုံးဖောက်ခွဲရေးသမားများသည် ပိုမိုတိုက်ခိုက်မှုများ ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြည်နယ်ထောက်လှမ်းရေးအေဂျင်စီက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦး သေဆုံး

ကဘူးလ် စက်တင်ဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် စက်တင်ဘာ ၂၅ရက်က ရဲတပ်ဖွဲ့အား အဓိကထားတိုက်ခိုက်သည့် လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ပထမဗုံးပေါက်ကွဲမှုမှာ ကန်ဒါဟာပြည်နယ် မြို့တော်အတွင်း ရဲတပ်ဖွဲ့သင်တန်းကျောင်း ဆရာများစီးနင်းရာ မီနီဘတ်စ်ကားအား အဝေးထိန်းစနစ်ဖြင့် လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ယင်းပေါက်ကွဲမှုတွင် ဘတ်စ်ကားမှာ ပျက်စီးသွားသော်လည်း ဆရာ ဆရာမ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ သို့သော် အနီးအနားမှ ဖြတ်သန်းသွားသည့် အရပ်သားတစ်ဦးမှာ ဗုံးထိမှန်ကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။(ဝဲပုံ)

ဖြတ်သန်းစဉ်

ဒုတိယဗုံးပေါက်ကွဲမှုမှာ ကန်ဒါဟာပြည်နယ် အဝေးပြေးလမ်းမပေါ်တွင် နယ်စပ် ရဲတပ်ဖွဲ့ယာဉ်ဖြတ်သန်းစဉ် တာလီဘန် အကြမ်းဖက်သမားများ ထောင်ထားသည့်ဗုံးပေါက်ကွဲခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၄၄၅ဦး အပါအဝင် သေဆုံးသူ ၄၀၀၀ကျော်သွားပြီ ဖြစ်သည်။ **(အင်တာနက်)**

နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု တိုးမြှင့်ရေး ချက်သမ္မတနိုင်ငံက အီရန်တွင် သံရုံးဖွင့်လှစ်လိုသည်ဟုဆို

ပရက်ဂ် စက်တင်ဘာ ၂၆

ချက်သမ္မတနိုင်ငံသည် အီးယူအဖွဲ့၏ အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ရမည့် ၂၀၀၉ ခုနှစ် နှစ်လယ်တွင် သံတမန်ဆက်ဆံရေး တိုးမြှင့်ထူထောင်သည့်အနေဖြင့် သံရုံးဖွင့်လိုကြောင်း သတင်းဌာန ဖော်ပြသည်။

ချက်နိုင်ငံခြားရေးဝန်ကြီးဌာနက ချက်နိုင်ငံအနေဖြင့် တီဟီရန်တွင် ၎င်း၏ လက်ရှိသံတမန်ဆက်ဆံရေးကို တိုးမြှင့်သည့်အနေဖြင့် သံရုံးဖွင့်လိုကြောင်း၊ သို့သော်လည်း သံတမန်ဆက်ဆံရေးတိုးမြှင့်မှုသည် အီရန်အပေါ်တွင်သာ မူတည်နေကြောင်း ပြောကြားခဲ့သည်။

ဖော်ပြ

ယင်းကြေညာချက်သည် နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အပြုသဘောဆောင်သော ကြေညာချက်ဖြစ်ကြောင်း ချက်သမ္မတနိုင်ငံ ပရက်ဂ်မြို့ရှိ အီရန်သံရုံးက ကြိုဆိုထောက်ခံခဲ့သည်။ တီဟီရန်-ပရက်ဂ်ဆက်ဆံရေးသည် ယာယီသံရုံး အဆင့်တွင်သာရှိကြောင်း၊ ယခင်ကရှိခဲ့သော နှစ်နိုင်ငံအကြား အဆင်မပြေသော သံတမန်ဆက်ဆံရေးကိုလည်း သင်ခန်းစာယူဖို့လိုကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

အီရန်နိုင်ငံနှင့်ချက်သမ္မတနိုင်ငံတို့၏နှစ်နိုင်ငံဆက်ဆံရေးသည် ကောင်းမွန်သော အခြေအနေသို့ ဦးတည်နေပြီဖြစ်ကြောင်း၊ အချိန်အခါကို စောင့်ရန်သာလိုကြောင်း ချက်သမ္မတနိုင်ငံ ပရက်ဂ်မြို့ရှိ အီရန်ယာယီသံရုံး တာဝန်ခံနှင့် သံတမန်အဖွဲ့အကြီးအကဲ မာဂျစ်နီလီအာမာဒါဘာဒီက ချက်အသံလွှင့်ဌာနသို့ စက်တင်ဘာ ၂၄ ရက်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဘဝအမောပြေ

စားမှာလား - ကမှာလား....

ညစာစားပွဲတစ်ခုတွင် အစားအစာများ မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြင်ဆင်ထားရာ ဧည့်ပရိသတ်များလည်းရောက်ရှိပြီး စားပွဲများ၌ထိုင်ကာ စားသောက်ရန်အချိန်ကို စောင့်လျက်ရှိသည်။ ထိုအချိန်၌ စားပွဲတစ်ခုတွင်ထိုင်သော ဧည့်သည်တစ်ဦးက စားပွဲထိုးကိုခေါ်ပြီး မေးလေသည်။

ဧည့်သည် ။ ။ ဟင်းပွဲတွေစုံပြီလား...

စားပွဲထိုး ။ ။ ဟုတ်ကဲ့...

ဧည့်သည် ။ ။ ဟင်းပွဲတွေလဲပေးဖို့ အစီအစဉ်ရှိလား...

စားပွဲထိုး ။ ။ ဘာများဖြစ်လို့လဲခင်ဗျာ...

ဧည့်သည် ။ ။ ဒီကြက်ကောင်လုံးကြော်ကို လဲပေးပါ...

စားပွဲထိုး ။ ။ ဘာအမှားအယွင်းရှိလို့ပါလဲခင်ဗျာ...

ဧည့်သည် ။ ။ ကြက်ကြော်မှာ ပေါင်တစ်ချောင်းနဲ့ တောင်ပံတစ်ခုပါမလာဘူးဗျ။

စားပွဲထိုး ။ ။ ဆရာက... ကြက်ကြော်ကို စားမှာလား... တွဲပြီးကမှာလား...

ဧည့်သည် ။ ။ **'ဟေ'**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ နှစ်(၆၀)ပြည့်တောင်ကိုရီးယားတပ်မတော်နေ့အတွက် စွမ်းရည်ပြမှု ပြကွက်များ ကြိုတင်ပြင်ဆင် လေ့ကျင့်နေကြသည့် အထူးတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မကာအိုပင်လယ်ကမ်းရိုးတန်း၌ တောင်ကိုရီးယား ကုန်တင်သင်္ဘောနစ်မြုပ်

ဆိုးလ် စက်တင်ဘာ ၂၆

တရုတ်နိုင်ငံ မကာအိုပင်လယ်ကမ်းရိုးတန်း အနောက်တောင်ပိုင်း ၅၇ ကီလိုမီတာအကွာ၌ စက်တင်ဘာ ၂၅ရက်တွင် တောင်ကိုရီးယားနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ပျောက်ဆုံးလျက်ရှိကြောင်း ၎င်းနိုင်ငံ ယွန်ဟတ် သတင်းဌာနက ထုတ်ပြန်သည်။

စေလွှတ်ထား

အဆိုပါ ကုန်တင် သင်္ဘောပေါ်၌ သင်္ဘောသား ၁၇ဦးနှင့် ကုန်တန်ချိန် ၄၀၀၀ အား တင်ဆောင်လာခြင်းဖြစ်ရာ တရုတ်၊ မကာအို အထူးစီမံအုပ်ချုပ်ရေးဒေသမှ ကယ်ဆယ်ရေးသင်္ဘောသည် ယင်းနေ့ညနေ ၄နာရီ ၁၀မိနစ်တွင် ရောက်ရှိကာ စင်ကာပူနိုင်ငံ ရေကြောင်းအာဏာပိုင်အဖွဲ့ကလည်း ကယ်ဆယ်မှုပြုလုပ်ရန် စေလွှတ်ထားရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

ဆိုက်ရောက်

၎င်းကုန်တင်သင်္ဘောသည် ဗီယက်နမ်နိုင်ငံမှ ထွက်ခွာလာရာမှ စက်တင်ဘာ ၂၈ရက်တွင် တောင်ကိုရီးယားနိုင်ငံ မစ်စန်ဆိပ်ကမ်းသို့ ဆိုက်ရောက်ရမည်ဖြစ်ကြောင်း ကမ်းရိုးတန်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဝဒဿန အမြင်

I claim not to have controlled events, but confess plainly that events have controlled me.

ကျွန်ုပ်သည် အခြေအနေများကို ကြိုးကိုင်နိုင်သည်ဟု မကြွေးကြော်လိုပေ။ ပွင့်လင်းစွာ ဝန်ခံရမည်ဆိုပါက အခြေအနေများကသာ ကျွန်ုပ်အား ကြိုးကိုင်ထားသည်ဟု ဆိုရပေမည်။

အေဘရာဟင်လင်ကွန်း (အမေရိကန်ပြည်ထောင်စု၏ (၁၆)ယောက်မြောက်သမ္မတ)

Whatever is phisiologically right, is morally right; and whatever is phisiologically wrong is morally wrong.

ဇီဝကမ္မဗေဒအရ မှန်သည့်အရာမှန်သမျှသည် အကျင့်သိက္ခာအားဖြင့်မှန်ပြီး မှားသည့် အရာမှန်သမျှသည် အကျင့်သိက္ခာအားဖြင့် မှားယွင်းသည်။

မာ့ခ်ဟော့မကင်းစ် (အမေရိကန်လူမျိုး ဘာသာရေးသမား)

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပေကျင်း အာကာသထိန်းချုပ်ရေးစခန်းမှ မြေပြင်အခြေစိုက် ဝန်ထမ်းများက ရှန်ကျိုး-၇ အာကာသယာဉ်မှ ပေးပို့သော သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာလျက်ရှိသည်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်တာနက်ကျန်းမာရေး

အသက်နှစ်နှစ်မှ ၁၈ နှစ်အတွင်းရှိ လူငယ်များ တစ်နေ့လျှင်နှစ်ကြိမ် မှန်မှန်သွားတိုက်ပါက ကင်ဆာမဖြစ်ပွားနိုင်ဟုဆို

ကလေးငယ်များအနေဖြင့် သွားများကို နေ့စဉ်စင်ကြယ်စွာနှစ်ကြိမ်ခန့် သွားတိုက်ပေးပါက ကျန်းမာရေးနှင့် ညီညွတ်စေသည့်အပြင် ကင်ဆာရောဂါကဲ့သို့သော ရောဂါဆိုးများကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အကြံပြု

သွားများကို ဂရုစိုက်ပြီး သန့်ရှင်းမှုပြုလုပ်သောကလေးငယ်များမှာ အသက်အရွယ်ကြီးရင့်လာသည့်အခါ သွားနှင့်ပတ်သက်သော ရောဂါများလည်း မဖြစ်ပွားနိုင်သည့်အပြင် အချိန်မတိုင်မီ သွားကျိုးခြင်းများလည်း မဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သွားတိုက်ခြင်းကို အသက်နှစ်နှစ်အရွယ်မှ အသက် ၁၈နှစ်အထိ တစ်နေ့နှစ်ကြိမ် သွားတိုက်ပေးသင့်ကြောင်း၊ သွားတိုက်ရာတွင် သွား၏အပေါ်ယံကြွေလွှာ မပျက်စီးရန် သတိပြုသင့်ကြောင်း၊ သွားတိုက်သည့်အခါ ရှေ့ဘက်နှင့်ဘယ်ညာ ဝဲယာတို့တွင် တစ်ဖက်လျှင် အကြိမ် ၅၀ခန့် သွားတိုက်တံနှင့် ညင်သာစွာ ပွတ်တိုက်သင့်ကြောင်း အကြံပြုထားသည်။

အလေ့အကျင့်ကောင်း

ထိုသို့ စနစ်တကျ သွားတိုက်မှုကို ဂရုစိုက်သွန်သင်ဆုံးမပါက အသက်အရွယ်ရလာသည့်အခါ အလေ့အကျင့်ကောင်းတစ်ခုအဖြစ် စွဲစွဲမြဲမြဲလုပ်လေ့လုပ်ထရှိသွားမည်ဟု ဆိုထားသည်။

ကမ္ဘာ့လိပ်မျိုးစိတ်များ အနေအထား

ကမ္ဘာပေါ်တွင် မျိုးတုန်းပျောက်ကွယ်လုဆဲဆဲ ဂါလာပါဂို့စ်လိပ်မျိုးစိတ် **(အောက်ပုံ)**သည် ဂရုစိုက်ထိန်းသိမ်းမှုများကြောင့် ပြန်လည်တိုးပွားလာတော့မည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင် ချာလက်စ်ဒါဝင်က ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

ဂါလာပါဂို့စ်လိပ်မျိုးစိတ်သည် အခွံမာ လည်ပင်းရှည်လိပ်မျိုးဖြစ်ပြီး ကုန်းနှင့်ရေနေ လိပ်မျိုးဖြစ်သည်။ ပင်လယ်နှင့်သမုဒ္ဒရာ ရေနက်ပိုင်းတို့တွင် ရှင်သန်ကျက်စားလေ့ရှိပြီး အချိန်အနည်းငယ်သာ မြေပြင်တောအုပ်အတွင်း နေထိုင်လေ့ရှိသည်။ ယခုအခါအကောင် ၅၀ မျှသောအရေအတွက်မှသည် တဖြည်းဖြည်းတိုးပွားရန် ထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိသည်။

ရင်ဆိုင်ကြုံတွေ့

ကမ္ဘာ့ကျွန်းစုများတွင် နေထိုင်ကျက်စားလေ့ရှိသော လိပ်မျိုးစိတ်ပေါင်း ၁၅မျိုးမှာ ယခုအခါ လုံးဝမျိုးသုဉ်းပျောက်ကွယ်ပြီးဖြစ်သလို နောက်ထပ်မျိုးစိတ်ပေါင်း ၅၀ကျော်မှာလည်း လာမည့်ဆယ်စုနှစ်တာ ကာလတစ်ခုအတွင်း မျိုးသုဉ်းပျောက်ကွယ်တော့မည့်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ဇီဝသိပ္ပံ

တောင်အာဖရိက၊ အာရှပစိဖိတ်ဒေသနှင့်အာရှဒေသတို့တွင်လည်း လိပ်မျိုးစိတ်ပေါင်း ၅၀ကျော် မျိုးသုဉ်းပျောက်ကွယ်ခဲ့ရပြီဖြစ်ရာထိန်းသိမ်းစောင့်ရှောက်မှုမရှိပါက လာမည့်နှစ်ပေါင်း ၁၀၀အတွင်း လိပ်မျိုးစိတ်များတွေ့ရှိရမှုအနည်းငယ်သာ ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ထက်ဝက်

ဥရောပနိုင်ငံများ၌မူ လိပ်မျိုးစိတ်ထက်ဝက်ခန့် မျိုးတုန်းပျောက်ကွယ်ခဲ့ပြီးဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့်လည်း ပါဝင်ကြောင်း သိရသည်။ ။

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံ ပဉ္စမနေရာသို့ ဘရာဇီးရောက်ရှိလာ

ဂျီနီဗာ စက်တင်ဘာ ၂၆

ပြီးခဲ့သည့် ၂၀၀၇ခုနှစ်အတွင်း ဘရာဇီးနိုင်ငံသို့ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၆ ဘီလီယံသို့ရောက်ရှိခဲ့ရာ ကမ္ဘာပေါ်တွင် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများ၌ ပဉ္စမနေရာသို့ပင် ရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ စက်တင်ဘာ ၂၆ရက်က ဖော်ပြသည်။

ထိပ်ဆုံး

လက်တင်အမေရိကရှိ နိုင်ငံများတွင်မူ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများ၌ ဘရာဇီးနိုင်ငံမှာ ထိပ်ဆုံးမှ ဦးဆောင်နေသည်။ ဘရာဇီးနိုင်ငံ၏သတ္တုတူးဖော်ရေး၊ စားသောက်ကုန်၊ ရေနံသန့်စင်ရေးနှင့် ရေနံဓာတုလုပ်ငန်းများ၌ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိရာ ၂၀၀၇ခုနှစ်အတွင်း ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၆ခုနှစ်ကထက် ၈၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

ပြည်ပသို့

ထို့အတူ ၂၀၀၇ခုနှစ်အတွင်း ဘရာဇီးစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်ပနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံရှိကြောင်းလည်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အမှာစကားပြောကြားပြီး အာဟာရဆိုင်ရာ အသိပညာပေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှု ပထမဆုရ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ တတိယဆုရ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် အထူးဆုရ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့အား ဆုများချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုများချီးမြှင့်

လှေ့လာအကဲဖြတ်အဖွဲ့သည် ဆုများချီးမြှင့်ရာတွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်၍ ရပ်ကွက်၊ လမ်း၊ ကျေးရွာ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များအထိ အသိပညာများရရှိပြီး ၄င်းတို့ကိုယ်တိုင် ပါဝင်လှုပ်ရှား ဆောင်ရွက်နေသည်တို့ကို ကွင်းဆင်းလေ့လာ အကဲဖြတ်မှုများအပေါ် မူတည်ပြီး ဆုများကို ချီးမြှင့်ပေးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားတွင် အာဟာရဆိုင်ရာ အသိပညာပေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှု ပထမဆုရ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

■ *ကျော့ဖုံးမှ*

နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ပေါ်ထွက်လာရေးအတွက် မိခင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ မိခင်များသည် ရင်သွေးငယ်များ မွေးဖွားပြီးချိန်မှစ၍ ရင်သွေးငယ်လေးများ၏ ကျန်းမာကြံ့ခိုင်မှုနှင့် ဉာဏ်ရည်ထက်မြက်မှု၊ နွေးထွေးမှုတို့ကို ပေးနိုင်စွမ်းရှိသည်။ မိခင်နို့ရည်တိုက်ကျွေးမှုသည် အဓိကကျပေသည်။

မိခင်နို့ရည်တိုက်ကျွေးမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များသိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် စက်တင်ဘာ ၂၆ရက်က ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနသို့ သွားရောက်ခဲ့ပါသည်။ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့ပါသည်။

မေး- မိခင်နို့ရည်တိုက်ကျွေးမှုနဲ့ ပတ်သက်ပြီး ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်ချက်များကို ရှင်းပြပေးပါဆရာ။

"မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ အမျိုးသားရေးမူဝါဒ ချမှတ်ထားတဲ့အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်"

ဒေါက်တာလှမြင့်
ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး

"မိခင်နို့ဦးရည်ကို ကလေးငယ် သောက်သုံးရခြင်း အတွက် ရောဂါများ ခုခံကာကွယ်နိုင်ပြီး အာဟာရစုံနှန်း လည်း ပြည့်ဝပါတယ်"

ဒေါက်တာသီရိနွယ်
ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး

ဖြေ- မိခင်နို့ရည် တိုက်ကျွေးမှုနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက **"မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ အမျိုးသားရေးမူဝါဒ"** ချမှတ်ထားပါတယ်။ အဲဒီမူဝါဒအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

မေး- ကလေးဘယ်အရွယ်အထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးရမှာပါလဲ ဆရာ။

ဖြေ- ကလေး(၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရမှာပါ။ အဓိကအရေးကြီးတာက ကလေးမွေးဖွားပြီး နာရီဝက်အတွင်း မိခင်နို့ရည်ကို တိုက်နိုင်အောင် ဆောင်ရွက်ရမှာပါ။

မေး- ကလေးအသက် ဘယ်အရွယ်အထိ မိခင်နို့တိုက်ကျွေးနိုင်ပါသလဲ ဆရာ။

ဖြေ- ကလေးအသက်(၂)နှစ်ပြည့်သည်အထိ မိခင်နို့တိုက်ကျွေးနိုင်ပါတယ်။ ကလေး(၆)လ မတိုင်မီကိုတော့ မိခင်နို့မှ တစ်ပါး အခြားအစားအစာ၊ ရေနှင့် အရည်တိုက်ကျွေးလို့ မရပါဘူး၊

မေး- နို့မှုန့်တိုက်လို့ ရပါသလားဆရာ။

ဖြေ- နို့မှုန့်တိုက်ခြင်းဖြင့် မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါတယ်။ မိခင်နို့ရည်သာ အန္တရာယ်အကင်းဆုံးဖြစ်လို့ မိခင်နို့ရည်ကိုသာ တိုက်ကျွေးသင့်ပါတယ်။

မေး- အိမ်မှာမွေးဖွားတဲ့ မိခင်တွေအတွက် ဘယ်လို ဆောင်ရွက်ပါသလဲဆရာ။

ဖြေ- ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးသူအားလုံးက မိခင်နို့ စနစ်တကျ တိုက်ကျွေးနည်းတွေကို ကိုယ်ဝန်ဆောင်မိခင်တိုင်းကို အသိပညာပေး ဆောင်ရွက်ပေးပါတယ်။ မိခင်နို့ ဘယ်လိုတိုက်ရမလဲ၊ နို့ထွက်ရန် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာတွေကို ပြသပေးထားပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ အစိုးရဌာန၊ အစိုးရမဟုတ်သောဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများက ဝိုင်းဝန်းဆောင်ရွက်ကြပါတယ်။

မြန်မာနိုင်ငံတွင် မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ပေသည်။ ဤသို့ ကျင်းပရခြင်းမှာလည်း နို့တိုက်မိခင်များအား မိခင်နို့တိုက်ကျွေးနိုင်ရန် ကူညီပေးခြင်းသည် မရှိမဖြစ် လိုအပ်သကဲ့သို့ အကျိုးရှိသည်ကို သိရှိစေရန်၊ မိခင်နို့တိုက်ကျွေးရေးအကျိုးကျေးဇူးဆိုင်ရာများနှင့် ခေတ်မီသော သတင်းအချက်အလက်များကို ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များ သိရှိစေနိုင်ရန်ဖြစ်ပေသည်။

မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ဒုတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီရိနွယ်ကို အောက်ပါအတိုင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး- မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးအတွက်ရရှိတဲ့ အကျိုးကျေးဇူးများကို ပြောပြပေးပါဒေါက်တာ။

ဖြေ- မိခင်ရဲ့နို့ဦးရည်ကို ကလေးငယ် စားသုံးရခြင်းအတွက် ရောဂါများကို ခုခံကာကွယ်နိုင်ပါတယ်။ အာဟာရစုံနှန်းလည်း ပြည့်ဝပါတယ်။ မိခင်နို့ရည်မှာ ရောဂါကာကွယ်ပေးနိုင်တဲ့ ပဋိဇီဝပစ္စည်းများ အများအပြား ပါဝင်နေတဲ့အတွက် မွေးကင်းစကလေးငယ် ပထမဦးဆုံးအကြိမ် ရရှိသောရောဂါ ကာကွယ်ဆေးဖြစ်တဲ့အပြင် ဝမ်းလျှောရောဂါကို ကာကွယ်ပါတယ်။ လတ်တလော အသက်ရှူလမ်းကြောင်းမှာဖြစ်တဲ့ ရောဂါများကိုလည်း ကာကွယ်နိုင်ပါတယ်။ မိခင်နို့ဦးရည် မရရှိတဲ့ကလေးက ဘယ်ကာကွယ်ဆေးထိုးထိုး ကာကွယ်ဆေးအပြည့်အဝ ရရှိတယ်လို့ မဆိုနိုင်ပါဘူး။

မေး- မိခင်အတွက် ရရှိတဲ့အကျိုးကျေးဇူးတွေကော သိပါရစေဒေါက်တာ။

ဖြေ- မိခင်အတွက် သားအိမ်ကျုံ့စေပါတယ်။ သွေးမသွန်စေနိုင်ပါဘူး။ သားဆက်ခြားစေပါတယ်။ သားမြတ်နှင့် သားအိမ်ကင်ဆာကို ကာကွယ်နိုင်ပါတယ်။ မိသားစုအတွက် ပြောမယ်ဆိုရင် မိသားစုအတွက် ကုန်ကျစရိတ်သက်သာပြီး အခြားကလေးအတွက် အချိန်ပိုပေးနိုင်ပါတယ်။ စိတ်ရောကိုယ်ပါ ကြံ့ခိုင်တဲ့ ကလေးများအဖြစ် ရရှိစေပါတယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု ပညာရည်မြင့်မားတိုးတက်ပြီး နိုင်ငံ့သားကောင်း သမီးကောင်း ရတနာများ ပေါ်ထွက်လာရေးအတွက် မိခင်တိုင်းသည် မွေးဖွားချိန်မှစပြီး ရင်သွေးငယ်များကို ဂရုတစိုက် ပြုစုလေ့ကျင့်ပျိုးထောင်ပေးရေးမှာ မိခင်များ၏ ပဓာနကျသော တာဝန်တစ်ရပ်ဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နို့ချိုတိုက်ကျွေး ပြည့်ရင်သွေး

မိခင်ရဲ့နို့ဦးရည်ကို ကလေးငယ်များ သောက်သုံးရခြင်းဖြင့် အာဟာရစုံနှန်းလည်း ပြည့်ဝပြီး မိခင်နို့ရည်မှာ ရောဂါကာကွယ် ပေးနိုင်တဲ့ ပဋိဇီဝပစ္စည်း အများအပြားက မွေးကင်းစကလေး ငယ် ပထမဦးဆုံးအကြိမ် ရရှိသောရောဂါများကို ကာကွယ်ပါတယ်။

မိခင်နို့ဦးရည် မရရှိတဲ့ကလေးက ဘယ်ကာကွယ်ဆေးထိုးထိုး ကာကွယ်ဆေးအပြည့်အဝ ရရှိတယ်လို့ မဆိုနိုင်ပါဘူး။

တက်ရောက် လေ့ကျင့်

ကျန်းမာရေး လုပ်သားများ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး သင်တန်းတွင် တက်ရောက် လေ့ကျင့်စဉ်။

(မိခင်နို့ စနစ်တကျတိုက်ကျွေးရေး လက်စွဲစာစောင်မှ-)

27-9 (06).pmd 1 9/27/2008, 2:49 AM

ဆည်ရေသောက် စိုက်ပျိုးမြေများဖြစ်သည့်အတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိရေးဆောင်ရွက် တီကောင်များမွေးမြူ၍ တီကျစ်မြေဩဇာထုတ်လုပ်သုံးစွဲ

နေပြည်တော် စက်တင်ဘာ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် စက်တင်ဘာ၂၀ရက်က မန္တလေးတိုင်း မြစ်သားမြို့နယ် သစ်တက်ကုန်း ရေလွှဲဆည်၌ ရေလွှဲဆည်အဆောက်အအုံ ထိန်းသိမ်းမှုနှင့်ရေရရှိမှုအခြေအနေ၊ သဲထုတ်ရေတံခါးနှင့် ရေပေးတူးမြောင်းမှ သူငယ်တော်ကန်သို့ ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ် မင်းရဲဆည်ရေသောက် သီးပင်ကျေးရွာအနီးရှိ သရက်တော ရေပေးမြောင်းအား ဂျပန်နိုင်ငံမှလှူဒါန်းသည့် အသေးစားမြေတူး၊ မြေကော်စက်များဖြင့် ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီးသည် တောင်သူလယ်သမားများအား ဆည်ရေသောက် စိုက်ပျိုးမြေများဖြစ်သည့်အတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိရေးအတွက် ဆောင်ရွက်ရန်၊ တီကောင်များ မွေးမြူ၍ တီကျစ်မြေဩဇာ ထုတ်လုပ်သုံးစွဲရန်နှင့် ဒေသနှင့် ကိုက်ညီသောမျိုးများ ပြောင်းလဲနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ဆည်တော်ကြီးမြောင်းတစ်လျှောက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဆည်တော်ကြီးတူးမြောင်း၏ လွန်တောင်းလက်တံမြောင်းရှိ ရေကျအဆောက်အအုံ၌ တည်ဆောက်ထားသော အသေးစားရေအားလျှပ်စစ် ထုတ်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

စီမံဆောင်ရွက်

လွန်တောင်းရေမြောင်းဖြင့် ပုသိမ်ကြီးမြို့နယ်နှင့်မတ္တရာမြို့နယ်တို့ရှိ စပါးစိုက်ခင်း ၃၅၈၂ဧကကို ရေပေးဝေလျက်ရှိရာ ရေကျတွင် ငါးကေဗွီအသေးစား ရေအားလျှပ်စစ်ထုတ်စက်နှစ်လုံးတပ်ဆင်၍ ကောင်းမွန်ကျေးရွာနှင့် ဆန်ကာတောင် ကျေးရွာတို့ရှိ နေအိမ်ပေါင်း ၂၀၁အိမ်ကို လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ထားခြင်းဖြစ်ပြီး လွန်တောင်းမြောင်း၊ ဝါခင်းကုန်းမြောင်း၊ ထန်းပင်ကုန်းမြောင်း၊ ကံဘဲ့မြောင်း၊ အလယ်ဘုံမြောင်း၊ လက်ကောင်းမြောင်း၊ ရွှေတချောင်းမြောင်း၊ မန္တလေးတူးမြောင်းမကြီးတို့မှ အုပ်ဖို၊ ရုံးပင်၊ အုန်းပင်ကျေးရွာများ၌လည်း အသေးစားရေအားလျှပ်စစ်ထုတ်စက် ၁၁လုံးတပ်ဆင်၍ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပြီးဖြစ်သည်။ မန္တလေးတိုင်း၌ တူးမြောင်းရေကျများမှ အသေးစား ရေအားလျှပ်စစ်ထုတ်ယူမှု ၂၃ခု ပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် မန္တလေးမြို့ ဆည်မြောင်းရိပ်သာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။

စိုက်ပျိုးပြီးဖြစ်

မန္တလေးတိုင်းတွင် ယခုနှစ် မိုးစပါးစိုက်ဧက ၁၀သိန်းကျော် စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ဧက ခုနစ်သိန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တမူးနှင့်ကလေးမြို့မှ ကုန်သည်များနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် စက်တင်ဘာ ၂၁ရက်က တမူးမြို့ အိန္ဒိယ-မြန်မာ နယ်စပ်အနီးရှိ နန့်ဖာလုံဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် တမူးမြို့နယ်စပ်ကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ကုန်သည်များနှင့် တွေ့ဆုံပြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်း ယာဉ်စစ်ကွင်းအတွင်း ကုန်တင်ယာဉ်များအားစစ်ဆေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကလေးမြို့ပေါ်ရှိ ပွဲရုံလုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့် ဆန်စက်လုပ်ငန်းရှင်များ၊ ဆီကုန်သည်များနှင့် ဆီစက်လုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးစပါးစုပေါင်းတမန်းနှီး၊ ဓာတ်မြေဩဇာကြဲပက်ပွဲနှင့် ကောက်စိုက်စက်နှင့် သရုပ်ပြစိုက်ပျိုးပြသပွဲ မြစ်ကြီးနားမြို့နယ်တွင် ကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၂၆

၂၀၀၈ခုနှစ် မြစ်ကြီးနားမြို့နယ်၏ မိုးစပါးစုပေါင်းတမန်းနှီးပွဲ၊ ဓာတ်မြေဩဇာကြဲပက်ပွဲနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု သရုပ်ပြပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ရက် နံနက်၇နာရီခွဲက မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် မန်ခိန်တောင်တွင်း တောင်သူ ဦးလဂျော်ဘရန်မိုင်၏ လယ်မြေတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်က မြို့နယ်၏ ၂၀၀၈ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကျိုးကျေးဇူး

ဆက်လက်၍ ကချင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကိုကိုက ကောက်စိုက်စက်နှင့် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးဝင်းက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များက စုပေါင်းတမန်းနှီး၊ ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာဦးစီးဌာနက ခင်းကျင်းပြသထားရှိသည့် အထွက်ကောင်းမျိုးစပါးနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများနှင့် လယ်ယာသုံး စက်ကိရိယာများကို လှည့်လည်ကြည့်ရှုသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တိုင်းမှူးက အခမ်းအနား တက်ရောက်လာသည့် ဒေသခံတောင်သူများအား စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းသည်။

ပံ့ပိုးဆောင်ရွက်ပေး

လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူအသုံးပြုလိုသည့် ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများအား ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ် စိုက်ပျိုးကြီးကြပ် ညှိနှိုင်းမှုကော်မတီမှ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဥတုရာသီ တောက်ပိမ့်၏

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုစည်းရုံးရေးကော်မတီဝင် သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့်သုံးခွမြို့နယ်များသို့ ကွင်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းပင်ပြင်ပ စည်းရုံးရေးအဖွဲ့(၁၅)အဖွဲ့ဝင် ဗိုလ်မှူးကြီး စစ်မြိုင်(အငြိမ်းစား)နှင့် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဗိုလ်ကြီးစိန်ဝှက်(အငြိမ်းစား) တို့သည် စက်တင်ဘာ၁၁ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမတွင် သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းကော်မတီဝင်များ၊ နယ်မြေအလိုက် စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ ကဏ္ဍကြီး ငါးရပ်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ပူးပေါင်းဆောင်ရွက်

ဗဟိုစည်းရုံးရေးကော်မတီဝင်က အဖွဲ့ဝင်အင်အားကျစ်လျစ်ခိုင်မာရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အခြားလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။**(ဝဲပုံ)**

တွေ့ဆုံမှာကြား

ဆက်လက်၍ ဗဟိုစည်းရုံးရေးကော်မတီဝင်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအား ကျောက်တန်းမြို့နယ် စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမတွင်လည်းကောင်း၊ သုံးခွမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအား သုံးခွမြို့နယ် စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမတွင်လည်းကောင်း၊ ခရမ်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအား ခရမ်းမြို့နယ် စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမတွင် လည်းကောင်း တွေ့ဆုံဆွေးနွေး မှာကြားကြောင်း သိရသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်း)**

Hempel Paint သုတ်ဆေး မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

Win Engineering ကုမ္ပဏီက ဖြန့်ချိရောင်းချမည့် Hempel Paint သုတ်ဆေးအသစ် မိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ Win Engineering ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိုး **(ယာပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စင်ကာပူနိုင်ငံ Hempel Paint Co.,Ltd.မှ Mr.DannyBoon နှင့် Mr.Francis တို့က Hempel Paint သုတ်ဆေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

သံချေးစားခြင်းမှကာကွယ်

Hempel Paint သုတ်ဆေးကို ပင်လယ်ကူးသင်္ဘောကြီးများ၊ ကမ်းလွန်ရေနံတွင်း တူးစင်များနှင့် အခြားသော သံထည်ပစ္စည်းများတွင် သုတ်ထားခြင်းဖြင့် သံချေးစားမှုမှ ရေရှည်ကာကွယ်ပေးခြင်း၊ ပင်လယ်ကူးသင်္ဘောများ၏ ရေများ၌ဆေးသုတ်ထားခြင်းဖြင့် ပြောင်ချောနေစေ၍ ဆီစားသက်သာစေသည့်အပြင် ရေမျက်နှာပြင်တွင် ခရမ်း(ခ)ရေသတ္တဝါငယ်များ စုပြုံတွယ်ကပ်မနေနိုင်သဖြင့် ၎င်းတို့ တွယ်ကပ်သည့်နေရာမှစ၍ သံချေးစားခြင်းကို ကာကွယ်ပေးခြင်း၊ အခြားသော သုတ်ဆေးများထက် ဆေးသားပါဝင်မှု ပိုမိုများပြားသဖြင့် ကုန်ကျသည့်ပမာဏနည်းပါးခြင်း၊ ဆေးပြန်သုတ်သည့်အခါ ခံဆေးသုံးရန်မလိုသဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ တစ်ကြိမ်သုတ်ထားလျှင် သုံးနှစ်အတွင်း ဆေးပြန်သုတ်ရန် မလိုကြောင်း သိရှိရသည်။ Hempel Paint များကို Win Engineering Company အမှတ် ၂၂၆ ဝိဇယပလာဇာ ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းထောင့် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၁၀၆၄၊ ဖက်(စ်)-၀၁-၅၀၁၁၀၅၊ e.mail- winengg@myanmar.com.mm တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

(သတင်းစဉ်)

မိုင်းယောင်းနှင့်မိုင်းဖြတ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့်အတူ စက်တင်ဘာ၂၅ရက် နံနက်စနာရီတွင် မိုင်းယောင်းမြို့ တပ်နယ်ခန်းမ၌ မိုင်းယောင်း တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းယောင်းမြို့ ပါဟုတ်ကျေးရွာအနီး စိုက်ပျိုးထားသည့် ရော်ဘာဧက ၁၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး မိုင်းယောင်း၊ မိုင်းဖြတ်လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အားကစားပစ္စည်းများကို အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့ ကွင်းအမှတ်(၉) ပါပုရွာမကွင်းအတွင်းရှိ ခေါက်တော့မာရီ စပါးစိုက်ခင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းဖြတ်မြို့ ကွင်းအမှတ်(၉) ပါပုရွာမကွင်းအတွင်းရှိ ခေါက်တော့မာရီ စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မြစ်ကြီးနား-ဗန်းမော်ကားလမ်းရှိ တာပိန်မြစ်ကူးကြိုးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✱ *ကျောဖုံးမှ*

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဒေါ့ဖုန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး မြို့နယ်ဆေးရုံ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စာသင်ကျောင်းများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ဆေးဝါး၊ အဝတ်အထည်၊ ဗလာစာအုပ်နှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ဒေါ့ဖုန်းယန်မြို့ ရဲစခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ဒေါ့ဖုန်းယန်မြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်ကျောင်းနှင့် ဒေါ့ဖုန်းယန်မြို့ ဖာကေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့ကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် သိန်လုံကျေးရွာ မခွယ်လမ်းဆုံ၌ လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးကာ လုံဂျာကုန်းကျေးရွာရှိ တိုင်းရင်းသားများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာသင်ကျောင်း ပတ်ဝန်းကျင်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် သိန်းဖယားကျေးရွာမှ ဆရာ ဆရာမများ၊ ဒေသခံတိုင်းရင်းသားများ၊ အထက်စားကျွန်းကျေးရွာမှ ဒေသခံပြည်သူများ၊ မခွယ်ကျေးရွာမှ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံနှုတ်ဆက်ကာ ကျေးရွာစာသင်ကျောင်းအတွက်အလှူငွေနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်များကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က မခွယ်-မိုးနဲချောင်းရေဆိပ်လမ်း သုံးဖာလုံကို ပြုပြင်ဆောင်ရွက်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအား မှာကြားသည်။

မိုးစပါးစိုက်ခင်း

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် နောင်းကွမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် စာသင်ခုံများ ပြုလုပ်ရန် အလှူငွေများကို ပေးအပ်ပြီး မြစ်ကြီးနား-ဗန်းမော်ကားလမ်း မခွယ်လမ်းခွဲ၌ မိုင်းခတ်ကျေးရွာမှ ဒေသခံတောင်သူများ စိုက်ပျိုးထားရှိသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းဧကရီ(၃)မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၂၁၆/၁)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ခဲ့သည့် အရှည်ပေ ၃၂၀၊ ခံနိုင်ဝန် ၁၃တန်ရှိသည့် တာပိန်မြစ်ကူး ကြိုးတံတားနှင့် တာပိန်မြစ်ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးမောက်မြို့နယ် နောင်လိုက်ကျေးရွာနှင့် မာန်ရေးကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အဝတ်အထည်များနှင့် အလှူငွေများကို ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် ဗန်းမော်တက္ကသိုလ်သို့ ရောက်ရှိပြီး တိုင်းမှူးက ဆရာ ဆရာမနှင့် ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများနှင့် လှူဒါန်းငွေတို့ကို ပေးအပ်ကာ ဗန်းမော် တက္ကသိုလ်ပင်မဆောင်၏ ဝဲ/ယာ စာသင်ဆောင် ဆောက်လုပ်နေမှုနှင့်ဝဲဘက်စာသင်ဆောင် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါးများပေးအပ်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ဗန်းမော်ခရိုင်နှင့် ခရိုင်အတွင်းရှိ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံအတွက် အလှူငွေများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံအတွက် ထက်ကောင်းကျော်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးယဉ်ထွေးက ပြည်သူ့ဆေးရုံ ခတ်မှန်ဌာနအတွက် ပစ္စည်းဝယ်ယူရန် အလှူငွေများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်ထံ ပေးအပ်သည်။

အဝတ်အထည်များပေးအပ်

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဗန်းမော်သူနာပြုသင်တန်းကျောင်း၌ သူနာပြုဆရာမများနှင့် သင်တန်းသူများအား တွေ့ဆုံပြီး သင်တန်းသူများအား အဝတ်အထည်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကွန်ပျူတာတက္ကသိုလ်

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ကွန်ပျူတာတက္ကသိုလ် သုံးထပ်ပင်မဆောင် ဆောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး ခလားယန်ကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ဆင်းဧကရီ(၃) မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ မြစ်ကြီးနားမြို့ တစ်ဖက်ကမ်းရှိ နောင်းဟီးဆန်ကား ကျေးရွာမှတစ်ဆင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

ရန်ကုန် စက်တင်ဘာ ၂၆

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှသတင်းထုတ်ပြန်ထားသည်။
(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ထိုသို့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ကျရောက်မှုတိုးပွားလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာရခြင်းကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံတိုင်းတွင် တာဝန်ရှိလာပြီဖြစ်သည်။ အထူးသဖြင့် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများသည် ကမ္ဘာကြီး ပူနွေးလာမှုကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်အရှိဆုံးဖြစ်လာသည်။ စက်မှုနိုင်ငံများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအတွင်း အဆမတန် ထုတ်လွှတ်နေမှုများကြောင့် ကမ္ဘာကြီးပူနွေးလာရခြင်း ဖြစ်သည်။

စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ၊ မော်တော်ကားများမှ ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို ကမ္ဘာမြေပေါ်ရှိ အပင်များက ကုန်စင်အောင် စုပ်ယူနိုင်ခြင်းမရှိခြင်းကြောင့် ကမ္ဘာကြီးပူနွေးမှု ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဤသို့ ကမ္ဘာကြီးပူနွေးလာရခြင်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မကြာမီက ဂျပန်နိုင်ငံ၌ ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးတွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက ၂၀၅၀ပြည့်နှစ်အရောက်တွင် ကမ္ဘာကြီးပူနွေးလာမှုကို ကိုင်တွယ်ဖြေရှင်းမှုတစ်ရပ်အဖြစ် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုအား ထက်ဝက်လျှော့ချသွားရန် ရည်ရွယ်ထားကြောင်း ပြောကြားလိုက်သည်။

တိုက်တွန်းဆော်ဩထား

ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ(ဂျီ-၈)အနေဖြင့် ၂၀၅၀ပြည့်နှစ်အရောက်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၈၀ရာခိုင်နှုန်းအထိ လျှော့ချသင့်ကြောင်း၊ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများဖြစ်လာသည့် တရုတ်၊ အိန္ဒိယ၊ မက္ကဆီကို၊ ဘရာဇီးနှင့် တောင်အာဖရိကနိုင်ငံတို့က တိုက်တွန်းဆော်ဩထားသည်။

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ကမ္ဘာလောကကြီးတစ်ခုလုံး သဘာဝဘေးအန္တရာယ်များကျရောက်မှုများ တိုးပွားလာချိန်တွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၊ စီးပွားရေးအင်အားကြီးနိုင်ငံများက ကမ္ဘာ့အပူချိန် လျှော့ချရေး လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျှော့ချရန် ကြိုးစားလာကြသကဲ့သို့ ဩစတြေးလျနိုင်ငံကလည်း ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ နိုင်ငံတကာ ကာဗွန်ဒိုင်အောက်ဆိုဒ် ဖမ်းယူသိုလှောင်ရေး ဌာနတစ်ခုတည်ထောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ဆောင်ရွက်

ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ (ဂျီ ၈)က ၂၀၂၀ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်း စက်မှုဖွံ့ဖြိုးပြီးဒေသ ၂၀ အနည်းဆုံး ကာဗွန်ဒိုင်အောက်ဆိုဒ် ဖမ်းယူသိုလှောင်ရေး စီမံကိန်းများ ဖြစ်ထွန်းလာရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားသော ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များသည် ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းရာမှ ထွက်ပေါ်လာသော ဓာတ်ငွေ့များဖြစ်သည်။ ယင်းဓာတ်ငွေ့များကြောင့် ကမ္ဘာကြီးပူနွေးလာရခြင်း ဖြစ်ပေသည်။

ဖမ်းယူသိုလှောင်

ယင်းကမ္ဘာကြီးပူနွေးလာရခြင်းကို တိုက်ဖျက်သည့်အနေဖြင့်ဩစတြေးလျနိုင်ငံက အမေရိကန်ဒေါ်လာသန်း ၁၀၀ ရင်းနှီးမြှုပ်နှံကာ (လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်) ဓာတ်ငွေ့များ ဖမ်းယူသိုလှောင်ရေးဌာန တစ်ခု တည်ထောင်သွားရန် စီစဉ်လျက်ရှိသည်။ တစ်ကမ္ဘာလုံး စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ဖမ်းယူသိုလှောင်သွားခြင်းဖြင့် ၂၀၅၀ပြည့်နှစ်အရောက်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ တန်ချိန် ၉ဘီလီယံ ဖမ်းယူသိုလှောင်သွားနိုင်မည်ဟု ပညာရှင်များကခန့်မှန်းထားသည်။

ကမ္ဘာကြီးပူနွေးလာမှုကို ကိုင်တွယ် ဖြေရှင်းရန်အတွက် ကမ္ဘာ့စီမံကိန်းလုပ်ငန်းကြီးငါးခုရှိရာတွင် ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်သည်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဖမ်းယူသိုလှောင်ရေးဌာနတစ်ခု ရှိလာမည်ဖြစ်သည်။

သဘောတူစာချုပ်

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ဖမ်းယူသိုလှောင်ရေးစီမံကိန်းသည် ကမ္ဘာကြီးပူနွေးလာမှုလျှော့ချရေးစာချုပ်ဖြစ်သည့် ကျိုတိုသဘောတူ စာချုပ်ကို အထောက်အကူပြုမည့်အပြင် ကမ္ဘာကြီးပူနွေးလာမှုကို ကိုင်တွယ်ဆောင်ရွက်မည့် ခြေတစ်လှမ်းလည်း ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်အချက်အလက်

သဘာဝဘေးဒဏ်ခံအဆောက်အအုံဆောက်လုပ်ရေး ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် SEEDS (Sustainable Environment Ecological Development Society) (Asia) (India) တို့မှပညာရှင်ငါးဦးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံဆောက်လုပ်ရေး ပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ရှင်းလင်းဆောင်၌ကျင်းပရာ ကွမ်းခြံကုန်းမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် Asia World ကုမ္ပဏီ၊ ကော့မှူးမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီ၊ ဌာနဆိုင်ရာများမှ အင်ဂျင်နီယာများ၊ နယ်မြေခံလက်သမား၊ ပန်းရန်၊ သံချည်သံကွေး အလုပ်သမားများ တက်ရောက်ကြကြောင်းနှင့် ပညာပေးဟောပြောပွဲကို စက်တင်ဘာ၂၆ရက်နှင့် ၂၇ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

တင်သွင်း

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေ ၅၇ သန်းကျော်အတွက် ဝမ်းစာဆန်မှာ ဖူလုံပိုလျှံနေသည်။ စားသုံးဆီမှာ နှစ်စဉ်တန်ချိန် ၅ဒသမ၆၅သိန်းခန့် လိုအပ်သည့်အနက် ပြည်တွင်းမှ မြေပဲ၊ နှမ်း၊ နေကြာစိုက်ဧက ၁၆ဒသမ၈ သိန်းမှထုတ်လုပ်သော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ဖြင့် စားသုံးဆီ ဖူလုံနိုင်သော်လည်း အခြားလုပ်ငန်းသုံးခြင်းနှင့် ပြည်ပပို့ခြင်းတို့ကြောင့် ပြည်ပမှ စားအုန်းဆီ နှစ်စဉ်တန်ချိန် နှစ်သိန်းကျော် တင်သွင်းနေရသည်။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲက ပြည်တွင်းစားသုံးဆီ ဖူလုံရေး ရည်မှန်းလျက် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့ကို စိုက်ဧကတိုးချဲ့ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေး တာဝန်ပေးသကဲ့သို့ ရေမြေရာသီဥတုအရ အထူးကိုက်ညီသော တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဟူသော ရည်မှန်းချက်နှင့်အတူ ဆီအုန်းဧက ငါးသိန်းအထိ တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်ထားခဲ့သည်။

အထူးသင့်လျော်

တနင်္သာရီတိုင်းသည် မြေလွတ်၊ မြေရိုင်းများစွာ ကြွယ်ဝခြင်း၊ မြေဆီဩဇာကောင်းမွန်ခြင်း၊ ရာသီဥတုအနေဖြင့်လည်း အီကွေတာမှ ၁၀ံ၊ ၁၁ံတွင်ရှိ၍ မိုးရေချိန်လုံလောက်စွာ ရရှိခြင်းတို့ကြောင့် ဆီအုန်းစိုက်ပျိုးရန် အထူးသင့်လျော်သည်။

ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း အခြေခံနှစ်ဖြစ်သော ၁၉၉၈-၁၉၉၉ခုနှစ်အထိ တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ဧက စုစုပေါင်း ၂၃၂၈၂ ဧကသာရှိပြီး အများစုမှာ နိုင်ငံပိုင်ခြံများဖြစ်ကြသည်။ စီမံကိန်းအစ ၂၀၀၀-၂၀၀၁ ခုနှစ်မှစ၍ အင်တိုက်အားတိုက် စိုက်ပျိုးခဲ့ရာ ၂၀၀၈ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ဆီအုန်း ၂၄၉၁၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ကုမ္ပဏီ၂၇ခုမှ ဆီအုန်း ၂၁၃၁၉၉ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။

၂၀၀၈-၂၀၀၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့အထိ ကုမ္ပဏီများ၏ ဆီအုန်းစိုက်ပျိုးမှုအခြေအနေ

စဉ်	ကုမ္ပဏီ	စိုက်ဧက	ဆီသီးခူးဧက
၁	အေးရှားဝေါလ်	၁၀၂၀၀	၁၀၃၀
၂	ဗင်းတေ့ချ်	၁၁၂၀	၁၀၀
၃	မြန်နိုင်မြင့်	၂၃၀၈	၁၅၀
၄	ကမ္ဘောဇ	၆၀၆၄	၃၃၈၂
၅	တက်နေ	၁၁၆၃	-
၆	စီကေဘီ	၁၅၃၆	-
၇	ထူးထရေးဒင်း	၁၃၇၅	-
၈	မြန်မာအေးဗွီးယား	၇၇၅	-
၉	ရွှေသံလွင်	၁၁၈၈	-
၁၀	မောင်ဝိတ်မိသားစု	၁၀၂၀	-
၁၁	ပြည့်ဖြိုးထွန်း	၁၈၆၀	-
၁၂	သိန်ခွန်းဖွံ့ဖြိုးရေး	၄၀၅	-
၁၃	စတီးစတုန်း	၁၉၆၇	၃၀၀
၁၄	ပိုကောင်း	၁၂၆၀၂	၇၀၀၂
၁၅	အဏ္ဏဝါစိုးမိုး	၆၀၀၀	၂၈၆၇
၁၆	ရွှေဗဒုမ္မာ	၄၁၀	-
၁၇	ယုဇန	၁၁၇၈၅၇	၂၄၅၁၂
၁၈	အဏ္ဏဝါထွန်း	၁၄၇၀၆	၁၀၀၂
၁၉	အောင်ဇင်မာ	၅၆၉၀	၁၂၁၁
၂၀	ဒဂုံတင်းဘား	၁၁၃၇၈	၁၉၀၅
၂၁	စက်မှု(၁)	၁၆၈၀	၁၇၀
၂၂	ရွှေဆီအုန်း	၁၀၃၅	-
၂၃	အောင်ရည်ဖြိုး	၂၀၀	-
၂၄	ထမ်းစထရောင်း	၃၁၀	-
၂၅	စူပါဝမ်း	၇၅၀	၁၅၅
၂၆	ရွှေမြေရတနာ	၂၆၀၀	-
၂၇	တောင်ဒဂုံ	၇၀၀၀	၄၇၀၀
	စိုက်ဧကစုစုပေါင်း	**၂၁၃၁၉၉**	**၄၈၄၈၆**

ယင်းကုမ္ပဏီများအနက် ယုဇန၊ အဏ္ဏဝါထွန်း၊ ပိုကောင်း၊ ဒဂုံတင်းဘား၊ အေးရှားဝေါလ်၊ တောင်ဒဂုံ၊ ကမ္ဘောဇ၊ အဏ္ဏဝါစိုးမိုး၊ အောင်ဇင်မာ စသည့် ကုမ္ပဏီတို့မှာ ဆီအုန်းစိုက်ပျိုးရေးကို ဧက ၅၀၀၀ နှင့်အထက် အင်တိုက်အားတိုက် စိုက်ပျိုးခဲ့ကြပြီး ယခုအခါ အောင်မြင်ဖြစ်ထွန်း၍ အကျိုးအမြတ်များ ခံစားနေကြပေပြီ။

အဆိုပါကုမ္ပဏီများသည် နိုင်ငံတော်၏တာဝန်ပေးချက်အရ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။

ဆီကြိတ်စက်ရုံ

ယုဇနကုမ္ပဏီသည် အရှိန်အဟုန်ဖြင့် ၂၀၀၈-၂၀၀၉ခုနှစ်အထိ ၁၁၇၈၅၇ ဧက စိုက်ပျိုးပြီးဖြစ်သကဲ့သို့ တစ်နာရီလျှင် ဆီသီးခိုင် တန်၆၀ ကြိတ်ဝါးနိုင်သော ဆီကြိတ်စက်ရုံတစ်ရုံကို တည်ဆောက်ခဲ့သည်။ ထို့အပြင် တစ်ရက်လျှင် ဆီကြိတ်တန် ၃၀၀သန့်စင်နိုင်သော ဆီသန့်စက်ရုံကိုလည်း ၂၀၀၆ခုနှစ်တွင် ရန်ကုန်မြို့ သာကေတမြို့နယ်၌ တည်ဆောက် လည်ပတ်လျက်ရှိသည်။

ပိုကောင်းကုမ္ပဏီသည်လည်း ၂၀၀၈-၂၀၀၉ခုနှစ်အထိ ၁၂၆၀၂ဧကကို နည်းစနစ် တကျစိုက်ပျိုးခဲ့သဖြင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် အသီးခူးဧက ၃၀၀၀ မှ ဆီသီးခိုင်တန်ချိန် ၁၅၀၀၀ဆွတ်ခူးနိုင်ခဲ့ရာ တစ်ဧကပျမ်းမျှ ဆီသီးခိုင် ငါးတန်နှုန်းခန့် စံနှုန်းမီထွက်ရှိကြောင်း သိရှိရသည်။ မိမိခြံမှထွက်ရှိသော ဆီသီးခိုင်များ ကြိတ်ဝါးရန် ဆီကြိတ်စက်ရုံတည်ဆောက်ရေး ပြင်ဆင်လျက်ရှိသည်။ အလားတူ အေးရှားဝေါလ်ကုမ္ပဏီသည် ၂၀၀၈-၂၀၀၉ခုနှစ်အထိ ဧက ၁၀၂၀၀ နည်းစနစ်တကျ စိုက်ပျိုးပြီးဖြစ်သည်။ ဆီကြိတ်စက်ရုံ တည်ဆောက်ရန် စီမံလျက်ရှိကြောင်း ကြားသိရသည်။

ထုတ်လုပ်နိုင်

တောင်ဒဂုံကုမ္ပဏီသည် ၂၀၀၇-၂၀၀၈ခုနှစ်အထိ ဧက ၇၀၀၀အားလုံး စိုက်ပျိုးပြီးဖြစ်သည်။ ၂၀၀၆-၂၀၀၇ခုနှစ်တွင် အသီးခူးဧက ၄၂၀၀မှ ဆီသီးခိုင်တန်ချိန် ၁၆၅၇၈တန် စတင်ဆွတ်ခူးရရှိ၍ မိမိကိုယ်ပိုင် တစ်နာရီ တန် ၃၀ကျ ဆီကြိတ်စက်ရုံဖြင့် ဆီကြိတ်များ ကြိတ်ထုတ်လျက်ရှိသည်။ ယခုအခါ တနင်္သာရီတိုင်းအတွင်း ၂၀၀၇-၂၀၀၈ခုနှစ် ဆီကြိတ်စက်ရုံအကြီး၊ အငယ် စုစုပေါင်း ၂၄ရုံတည်ဆောက်ပြီး တစ်နာရီ ဆီကြိတ် ၁၆၈တန် ထုတ်လုပ်နိုင်ပြီဖြစ်သည်။

ယခုအခါ ကုမ္ပဏီများသည် ဆီအုန်းစိုက်ပျိုးရေး ဆီကြိတ်၊ ဆီချော ထုတ်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ လက်ရှိကုမ္ပဏီများ၏ ဆီအုန်းတိုးချဲ့ စိုက်ပျိုးရေးမှာ နှစ်စဉ်ဧက ၂၀၀၀၀ မှ ၂၅၀၀၀ခန့် တိုးချဲ့စိုက်ပျိုးနိုင်သဖြင့် ဆီအုန်းဧက ငါးသိန်းရည်မှန်းချက် သတ်မှတ်ချိန်ထက်စော၍ ပြည့်မီရေးအတွက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းတို့မှ ယခုနှစ်စိုက်ပျိုးရာသီမှစ၍ ဧက ၃၀၀၀၀ပါ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်ရေးအထူးဇုန်များ ဖော်ထုတ်လျက် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။

ဖော်ထုတ်

ဆီအုန်း အထူးဇုန်(၁)ကို ခမောက်ကြီးမြို့နယ် နမ့်တွမ်ဒေသ၌လည်းကောင်း၊ ဆီအုန်း အထူးဇုန်(၂)ကို တနင်္သာရီတိုင်းအတွင်း တနင်္သာရီမြို့နယ် တောင်ဖရူးဒေသကိုလည်းကောင်း၊ အထူးဇုန်(၃)ကို ဘုတ်ပြင်းမြို့နယ်အတွင်း မနိုးရုံးဒေသအားလည်းကောင်း ဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်သည်။



ယုဇနကုမ္ပဏီ၏ တစ်နေ့ တန် ၆၀ကျ ဆီကြိတ်စက်ရုံကို ဤသို့တွေ့ရသည်။

အဆိုပါ အထူးဇုန်များတွင် အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြေဖော်၊ တောရှင်းခြင်းလုပ်ငန်းများနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းများ အခက်အခဲမရှိအောင် ဆောင်ရွက်နိုင်စေရန် လက်ရှိ စိုက်ပျိုးဆောင်ရွက်နေသော ကုမ္ပဏီ ၁၇ခုရှိ မြေထိုးစက်၆၄စီး၊ မြေကော်စက် ၃၆စီး၊ လမ်းကြိတ်စက်ရှစ်စီး၊ စက်ယန္တရားများကို ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်း၍သော်လည်းကောင်း၊ လုပ်ငန်းအပ် ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကိုယ်ပိုင်စက်ယန္တရား သယ်ယူရေး၊ ရရှိရေးကိုလည်း ကူညီပေးမည်ဟု သိရသည်။

ပိုမိုသာလွန်

စိုက်ပျိုးမည့် မျိုးကောင်းရရှိရန်အတွက် နိုင်ငံခြားမှ အစို့ပေါက် စပ်မျိုးများ ရယူလိုပါက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ကုမ္ပဏီများမှလည်း အချိန်မီ ရောက်ရှိရေး ကြိုတင်မှာယူ ကူညီပေးမည်ဖြစ်ပေသည်။ ထို့အပြင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အသုံးချသုတေသနဌာနမှ မျိုးစပ်ထုတ်လုပ်ထားသော တင်နရာစပ်မျိုးများကို ဈေးနှုန်းသက်သာစွာဖြင့် လိုသလောက် ဝယ်ယူရရှိနိုင်ရန် စီစဉ်ထားပြီး သယ်ယူပို့ဆောင်ရာတွင် ထိခိုက်ပျက်စီးမှုကြောင့် လျော့နည်းမှုအတွက် ၅ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ အပိုဆောင်းပေးပြီး စိုက်ပျိုးချိန်အမီ ရရှိရေး စီစဉ်ပေးမည်ဖြစ်ပေသည်။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းဌာနမှ ထုတ်လုပ်သော စပ်မျိုးများမှာ နိုင်ငံခြား မိဘမျိုးများကို မျိုးစပ်ထုတ်လုပ်ထားသော စပ်မျိုးများဖြစ်ပြီး နိုင်ငံခြားမှ မှာယူသောမျိုးထက် ဈေးနှုန်း လေးဆခန့် သက်သာသဖြင့် ၂၀၀၀-၂၀၀၁ခုနှစ်မှ ယခုအထိ မျိုးစေ့၁၈သိန်းခန့်ကို ကျပ်ငွေဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။ နိုင်ငံခြားမှ တင်သွင်းလာသော မျိုးများနှင့် အထွက်နှုန်းကွာခြားမှုမရှိဘဲ အကြမ်းခံနိုင်မှု၊ ရေငတ်ဒဏ်ခံနိုင်မှုတို့တွင် ယင်းမျိုးများက ပိုမိုသာလွန်ကြောင်း လက်တွေ့အခြေအရ သိရှိပြီးဖြစ်သည်။

လက်တွေ့ပို့ချ

အသစ်လာရောက် စိုက်ပျိုးသူများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အတွေ့အကြုံမရှိ၍ မှားယွင်းနစ်နာမှု အခက်အခဲများမရှိစေရန် ဆီအုန်းစီမံကိန်း အစမှ ပါဝင်ဆောင်ရွက်ခဲ့သော ကုမ္ပဏီများ၏ ဖြတ်သန်းကြုံတွေ့လာရသော အတွေ့အကြုံများနှင့် အကူအညီ ရယူနိုင်သည့်အပြင် မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းဌာနမှ ကျွမ်းကျင်ပညာရှင်များကို အနီးကပ် တွဲဖက်ထားရှိပေးပြီး လုပ်ငန်းရာသီအလိုက် လိုအပ်သော နည်းပညာဆိုင်ရာ သင်တန်းများကို လုပ်ငန်းခွင်အတွင်း လက်တွေ့ပို့ချဆောင်ရွက်ရန် စီစဉ်ထားသည်။

စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလာပါက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးသူများ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေးအတွက် ဘဏ်လုပ်ငန်းဆိုင်ရာ မူဝါဒများနှင့်အညီ ချေးငွေများလည်း ရရှိမည်ဖြစ်သည်။

ပိုမိုမြန်ဆန်စေ

ဆီအုန်းခြံငယ်ရှင်များအနေဖြင့် မိမိတို့ထွက်ရှိသော ဆီသီးခိုင်များ ကြိတ်ဝါးရန်အတွက် စက်ရုံတည်ဆောက်ရေး ပူပန်စရာမလိုဘဲ လက်ရှိ တည်ဆောက်ပြီးဖြစ်သော ကုမ္ပဏီများ၏ စက်ရုံများသို့ ဆီသီးခိုင်ရောင်းချခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို သက်သာစေပြီး အရင်းကျေကာလ ပိုမိုမြန်ဆန်စေနိုင်မည်ဖြစ်သည်။

ဇီဝလောင်စာ

ထို့အပြင် ဆီအုန်းစိုက်ပျိုးရေးသည် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း (Agro Base Industry)အဖြစ် ဆီအုန်းမှ စားသောက်ကုန်အဖြစ် ဟင်းချက်ဆီအပြင် ကိတ်မုန့်၊ ပေါင်မုန့်၊ ချောကလက်၊ ကော်ဖီမစ်၊ ရေခဲမုန့်၊ နို့မှုန့်၊ နို့ဆီ၊ မာဂျရင်းနှင့် ထောပတ်တုများ ပြုလုပ်ရာတွင်လည်းကောင်း၊ အလှကုန်လုပ်ငန်းအဖြစ် အလှဆီ၊ မိတ်ကပ်၊ အရွယ်တင် နုပျိုစေသည့်အလှကုန်များ ထုတ်လုပ်ရာတွင်လည်းကောင်း၊ စက်မှုလုပ်ငန်းသုံးကုန်ကြမ်းအဖြစ် ဆပ်ပြာ၊ ပုံနှိပ်မင်၊ ဖယောင်းတိုင်အဖြစ်လည်းကောင်း၊ စားသုံးမှုပိုလျှံသော အခြေအနေတွင် ဒီဇယ်အစားထိုးဇီဝလောင်စာဆီ၊စက်ဆီ၊ ချောဆီများပြုလုပ်ရာတွင်လည်းကောင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် ဆေးဝါးများထုတ်လုပ်ရာတွင်လည်းကောင်း စိုက်ပျိုးရေးစက်မှုထုတ်ကုန်အဖြစ် ထုတ်လုပ် အသုံးပြုနိုင်ကြောင်း သိရသည်။

ဆီအုန်းဆီကြိတ်မှုမှ စက်ရုံဘေးထွက်ပစ္စည်းများဖြစ်သည့် ဆီသီးခိုင်လွတ်များ၊ ကြိတ်ဖတ်အနည်အနှစ်များ၊ ကြိတ်ဖတ်အမျှင်များကို ပိုင်းဖြတ်ထားသော ဆီလက်ဖတ်များနှင့်ရော၍ သြော်ဂဲနစ် မြေဩဇာအဖြစ်လည်းကောင်း၊ မီးထိုးအသုံးပြုပြီးသည့် သီးခိုင်ပြာများကို ပိုတက်မြေဩဇာအဖြစ်လည်းကောင်း၊ ကြိတ်ဖတ်အမျှင်များကို စက္ကူနှင့် မျက်နှာကြက်များ ပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်ပြီး စီးပွားရေးသက်တမ်းကုန်၍ အရွယ်လွန် ခုတ်လှဲပြီး ပင်စည်များကို ပရိဘောဂပစ္စည်းများ ပြုလုပ်ရာတွင်လည်းကောင်း ထပ်မံအသုံးပြုနိုင်သဖြင့် တစ်ပင်လုံးသုံးစွဲမကုန် နည်းမျိုးစုံဟု ဆိုရပေမည်။

ဝေငှဖြန့်ဖြူး

ထို့အပြင် ဆီအုန်းစက်ရုံများ လည်ပတ်ရန်အတွက် ပြင်ပမှလျှပ်စစ်ဓာတ်အားပံ့ပိုးရန်မလိုအပ်ဘဲ ဆီသီးခိုင်ဘွိုင်လာမှရရှိသော ရေငွေ့စွမ်းအင်ဖြင့် တာဘိုင်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အားကိုလည်း လုံလောက်စွာ ရရှိနိုင်သည့်အပြင် ပိုလျှံသော လျှပ်စစ်များကိုလည်း နီးစပ်ရာ အသုံးပြုနိုင်ရန်အတွက် ဝေငှဖြန့်ဖြူးပေးမည်ဖြစ်သည်။

ဤကဲ့သို့ ဆီအုန်းစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ဖော်ပြပါ အမြတ်အစွန်း အကျိုးကျေးဇူးများရရှိသည့်အပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ထိန်းသိမ်းနိုင်သည့် သီးနှံရောသစ်တော (Agro Forest) များအဖြစ် ပေါ်ထွက်လာခြင်းကြောင့် ပတ်ဝန်းကျင်ကို ဥတုရာသီမျှတစေမည် ဖြစ်သည်။ ထို့အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ တစ်ဦးချင်း ဝင်ငွေတိုးခြင်းနှင့် ပြည်ပနိုင်ငံခြားသုံးငွေ ယိုထွက်မှုတားဆီးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

အမြတ်အစွန်းရရှိမည်

သို့ဖြစ်ရာ မိမိနှင့် အလှမ်းမဝေးသည့် ပေးအပ်လာသော အခွင့်အလမ်းကောင်းများကို အမိအရ ဆုပ်ကိုင်ရယူပြီး တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေး အထူးဇုန်များတွင် ရင်းနှီးမြှုပ်နှံပါက လေးနှစ်အတွင်း ဝင်ငွေရရှိပြီး ရှစ်နှစ်အတွင်း အရင်းကျေကာ နှစ်ပေါင်း ၃၀အထိ နှစ်စဉ်အမြတ်အစွန်း ရရှိမည် ဖြစ်သည်။ တိုင်းရင်းသားလုပ်ငန်းရှင်များသည် တစ်နိုင်တစ်ပိုင် ခြံငယ်မှ စီးပွားဖြစ်ခြံကြီးများအထိ ဆီအုန်းစိုက်ပျိုးရေး အခွင့်အလမ်းကို နိုင်ငံတော်၏ မွန်မြတ်သော စေတနာ၊ ရည်မှန်းချက်ကို သိမြင်နားလည်ကာ **"ဆီအုန်းစိုက်ပါ ပြည့်ဝမ်းစာ၊ ဆတိုး စိုက်ပျိုး စီးပွားတိုး"** ဆိုသည့် ဆောင်ပုဒ်အတိုင်း စိုက်ပျိုးရင်းနှီးမြှုပ်နှံကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၂၇-၉-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ **၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)**
၈း၃၀ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၀၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၇)
၁၂း၅၀ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၃း၃၅ ၇။ The Smiling of Angkor
၁၄း၀၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၂၀ ၉။ အတီးပြိုင်ပွဲ
၁၄း၃၅ ၁၀။ **အလျော်အစား** အကယ်ဒမီဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၄း၄၅ ၁၁။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၂၅ ၄။ တေးဂီတအစီအစဉ်
၄း၃၅ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
၄း၅၅ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅း၁၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၅း၄၀ ၈။ ပေကျင်းအိုလံပစ်
၅း၄၅ ၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀ နှစ်) (အမျိုးသား)**
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၆း၅၅ ၁၃။ **ကျန်းမာသန့်ထွားဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဝှမ်းပုံ ဒါရိုက်တာ-ခင်ဇော်(ကုမုဒြာ)
၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၃၄) **(ဇာတ်သိမ်းပိုင်း)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်ယော ရွှေငါးနတ်သမီးလေး** (အပိုင်း-၂၅)

ပုဂံဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၆

မကွေးတိုင်းငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးပေါ်လွင်သည် စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ ပုဂံ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ ၁၅၄ကိုက်အကွာမှ Top Flite-2 ဂေါက်သီးကို Spolding Iron 5 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးအောင်မင်း (တိုင်းအခွန်ဦးစီးမှူး၊ မကွေးတိုင်း)၊ ဦးလှမြင့် (တိုင်းဦးစီးမှူး၊ မကွေးတိုင်း စက်မှုလယ်ယာ)၊ ဦးမြင့်လွင် (တိုင်းမန်နေဂျာ၊ ကုန်သွယ်လယ်ယာ၊မကွေးတိုင်း)၊ ဦးသိန်းဌေးဦး (ခြံမန်နေဂျာ၊ ဗဟိုနှမ်းသုတေသနခြံ၊ မကွေးမြို့)တို့ရှိနေကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လောကအတွက် ဦးတည်လျက်

ချစ်နိုင်
(စိတ်ပညာ)

"အကယ်၍သင်သည် ပူးပေါင်းဆောင်ရွက်မှုကို မယုံကြည်ဘူးဟုဆိုလျှင် ဘီးတစ်ဘီးကျွတ်သွားသော လှည်းတစ်စီး ဘာဖြစ်သွားသည်ကို ကြည့်ပါ"ဟူ၍ နပိုလီယန်၊ ဟီးလ်(၁၈၈၃-၁၉၇၀)ဆိုသူက ပြောခဲ့ဖူးပါသည်။

"ပညာသမာ အာဘာနတ္ထိ"ဟု ရှေးဆိုရိုးစကားရှိခဲ့၏။ ပညာနှင့်တူသော အလင်းရောင်မရှိ။ ပညာ၏ အလင်းရောင်သည် အထူးခြား အလင်းကျင်းဆုံး ဖြစ်လေသည်။ ပညာသည် ညအမှောင်ကို ပယ်ခွင်းသော နေမင်းနှင့်တူသည်ဆိုလျှင် ကရုဏာသည် အရဏ်နှင့်တူပေသည်။ အရုဏ်မရှိဘဲ နေထွက်ရိုး မရှိသကဲ့သို့ ကရုဏာမပါသော ပညာသည်လည်း ပါရမီဖြစ်ရိုးမရှိ။ ကရုဏာတရားသည် ရှေးဦးရှေးဖျား လိုအပ်ချက်ဖြစ်ပါသည်။

ပညာသည် ပါရမီမြောက်သည့် ပညာဖြစ်ဖို့ရန်အတွက် အဆင့်နှစ်ဆင့်လိုအပ်သည်။ ပထမအဆင့်မှာ ပန်းတိုင်(Goal)နှင့် ပတ်သက်သည်။ ဒုတိယအဆင့်မှာ နည်းလမ်း(Way)နှင့် ပတ်သက်သည်။ စစ်ဝေါဟာရအရ ပထမအဆင့်ပညာသည် မဟာဗျူဟာဖြစ်သည်။ ဒုတိယအဆင့်ပညာသည် နည်းဗျူဟာဖြစ်သည်။

မည်သည့်လုပ်ငန်းဖြစ်စေ ပထမအဆင့် ပန်းတိုင်ရှိရပါလိမ့်မည်။ ပထမအဆင့် ပညာအရ ပန်းတိုင်မပျောက်ရ၊ ပန်းတိုင်အဖြစ် အမြဲတမ်းပင်**"လောကတ္ထစရိယ-လောကကောင်းကျိုးကို ဆောင်ရွက်ရန်"**သတ်မှတ်ရပါမည်။ လောကကိုဖျက်ဆီးရန် ကြံစည်မှု၊ အားထုတ်မှု၊ လုပ်ဆောင်နေမှုဟူသမျှသည် ပညာနှင့် ကင်းဝေးလှပါသည်။ မိမိ၏အကျိုးထက် လောက၏ကောင်းကျိုးကိုသာ ဦးစားပေး ဦးတည်နေရပါမည်။ မိမိလုပ်သမျှသည် လောကအကျိုးအတွက်သာ ဦးတည်ရပါမည်။

ကမ်းသို့ ဦးတည်၍ ပြေးသွားသော လှိုင်းတံပိုးသည် ကမ်းရိုးသို့ရောက်ပြီးနောက် ပျောက်မသွားဘဲ ပင်လယ်ဆီသို့ ပြန်လည်သကဲ့သို့ လောကအတွက်ဦးတည်၍ လုပ်သောလုပ်ငန်း၏ အကျိုးသည်လည်း လောကသို့ရောက်ပြီးနောက် လောကမှတစ်ဆင့် မိမိထံသို့ ပြန်လာမြဲဖြစ်၏။ ထို့ကြောင့် လောက၏ အကျိုးစီးပွားကောင်းစားရေးကို ဦးတည်လုပ်ဆောင်သော လုပ်ငန်းအဝဝမှန်သမျှတို့သည် လောကအတွက်ရသလို မိမိအတွက်လည်း အလိုလိုရပြီးသား ဖြစ်သွားတော့သည်။ ငါ့အတွက်ဟု ထည့်၍မတွက်ခြင်းသည်ပင်လျှင် အလိုလိုငါ့အတွက် ဖြစ်လာလေတော့သည်။

ဤသဘောကို နိုင်ငံတကာသမိုင်းတွင်လည်း မြင်တွေ့နိုင်၏။ ပစ္စုပ္ပန်ကာလ၌လည်း တွေ့မြင်နိုင်၏။ အနာဂတ်ကာလတွင်လည်း တွေ့မြင်ကြရဦးမည်ဖြစ်၏။ ပန်းတိုင်သို့ ချီတက်သော နည်းလမ်းတွေများစွာ ရှိပေသည်။ နည်းပရိယာယ် အမျိုးမျိုးအစားစား။

ပြည်သူအများအပေါ် ကရုဏာတရားကင်းစွာဖြင့် ဆင်းရဲကြပါစေ၊ ကျပ်တည်းကြပါစေ၊ မွဲတေကြပါစေ၊ ငတ်မွတ်ခေါင်းပါးကြပါစေ၊ မကျေနပ်မှုတွေ တိုးပွားပါစေ၊ ဆူပူအုံကြွပေါက်ကွဲမှုတွေဖြင့် ဒေါသတွေဖြစ်ကြပြီး အချင်းချင်းသတ်ဖြတ် သေကျေကြပါစေ။ မအေးမချမ်း မလုံမခြုံဘဲ အထိတ်တလန့်နှင့် ကျီးလန့်စာစား ဒုက္ခရောက်ကြပါစေဟု ပိတ်ဆို့၊ တားဆီးပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်ဆောင်နေသမျှသည် ထိုသို့သောပုဂ္ဂိုလ်အတွက် ကရုဏာတရားနှင့် ဝေးကွာနေမည်သာ ဖြစ်ပေသည်။ ထိုသို့ ကရုဏာတရားနှင့် ဝေးသည်နှင့်အမျှ သူ၏အတ္တမာနကြောင့် မေတ္တာတရားနှင့်လည်း ဝေးသည်ထက် ဝေးကွာတတ်ချေသည်။ ထိုအခါ မေတ္တာမပါသော ထိုပုဂ္ဂိုလ်၏ လမ်းကြောင်းသည် ပညာပါရမီနှင့် လမ်းခွဲထွက်သွားခဲ့ပြီး ပညာနှင့်ဝေးကွာ ရချေတော့သည်။

သီလမရှိ၊ သမာဓိမရှိ၊ ပညာမရှိသော အကြင်သူ၏ ကရုဏာခေါင်းပါးသည့် အားထုတ်မှုများသည်လည်း နွား၏ဦးချိုကို နို့ထွက်နိုး အတင်းအဓမ္မညှစ်နေသူနှင့်ပမာမခြား ဖြစ်ရရှာလေသည်။ အများအကျိုးကို ဖျက်ဆီးခဲ့ခြင်းကား မိမိကိုယ်ကို ဖျက်ဆီးခြင်းနှင့် ပမာတူလေသည်။ ပညာမဲ့၏။ ထို့ကြောင့် မမှန်ကန်သော၊ မတရားသော၊ အကျိုးယုတ်စေခဲ့သော ပိတ်ပင်တားဆီး၊ ပြည်သူ့အကျိုးဖျက်ဆီးမှုများကို မလုပ်ပါနှင့်တော့ဟု ကျွန်ုပ်တို့ပြည်သူများက အတိအလင်း တောင်းဆိုအပ်ပါသည်။ ပြည်သူလူထုအများစုကြီး၏ ဆန္ဒကို ဆန့်ကျင်နေခြင်းအားဖြင့် ကိုယ့်အတွက် ဘာမျှဖြစ်မလာနိုင်ကြောင်း သိသင့်ပါသည်။ အရာရာမေတ္တာပါမှ အဆင်ပြေလိမ့်မည်။ ဒေါသနှင့်မာနကို ခဝါချလိုက်ပါ။ လောကသည် အပြုံးနှင့်ကြိုဆိုပါလိမ့်မည်။ အပြာသဘောအမြင်သို့ ပြင်လိုက်ပါဟု ဆိုချင်ပေသည်။

ဘင်ဂျမင်ဖရင်ကလင် (၁၇၀၆-၁၇၉၀) ဆိုသူက-

"ကျွန်ုပ်ငယ်စဉ်ကပင် တွေ့မြင်ခဲ့ရသည်မှာ ကျွန်ုပ်တစ်ယောက်တည်းအတွက် အလုပ်လုပ်သောအခါတွင် ကိုယ်တစ်ယောက်တည်းသာလျှင် ကိုယ့်အတွက်လုပ်ရပြီး ကျွန်ုပ်က အခြားသူများအတွက်လည်း အလုပ်လုပ်သောအခါတွင်ကား အခြားသူများကလည်း ကျွန်ုပ်အတွက် အလုပ်လုပ်ပေးကြသည် ဟူသော အချက်ဖြစ်ပါသည်"ဟူ၍ ပြောကြားခဲ့ဖူးသည်ကို လက်ဆင့်ကမ်း မျှဝေလိုက်ပါသည်။

ပါရမီမြောက်သည့်ပညာကိုရနိုင်ဖို့ အခြေခံအားဖြင့် လောကကောင်းကျိုး ဆောင်ရွက်လိုစိတ်ရှိရမည်။ မိမိအကျိုးထက် အများအကျိုး၊ လောကအကျိုးကို ဦးစားပေးရမည်။ အများအကျိုးဆောင်ခြင်းအားဖြင့် ကိုယ့်အကျိုးလည်း အောင်ပြီးဖြစ်မြဲပင်။ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော **အများအကျိုးဖျက်ဆီးမှု၊ ပိတ်ပင်တားဆီးမှုများသည် အကြင်သူ၏ အနာဂတ်ရည်မှန်းချက်ပန်းတိုင်ပျောက်ပြီး လောကသမုဒ်ပြင်ကျယ်၌ ဘဝလှေငယ်မှောက်ကာ နစ်မြုပ်ပျက်စီးစေနိုင်ကြောင်း သိနားလည်ကြစေချင်ပါသည်။** ။

သီလမရှိ၊ သမာဓိမရှိ၊ ပညာမရှိသော အကြင်သူ၏ ကရုဏာခေါင်းပါးသည့် အားထုတ်မှုများသည်လည်း နွား၏ဦးချိုကို နို့ထွက်နိုး အတင်းအဓမ္မ ညှစ်နေသူနှင့် ပမာမခြား ဖြစ်ရရှာလေသည်။ အများအကျိုးကို ဖျက်ဆီးခဲ့ခြင်းကား မိမိကိုယ်ကို ဖျက်ဆီးခြင်းနှင့် ပမာတူလေသည်။ ပညာမဲ့၏။

မမှန်ကန်သော၊ မတရားသော၊ အကျိုးယုတ်စေခဲ့သော ပိတ်ပင်တားဆီး၊ ပြည်သူ့အကျိုး ဖျက်ဆီးမှုများကို မလုပ်ပါနှင့်တော့ဟု ကျွန်ုပ်တို့ပြည်သူများက အတိအလင်း တောင်းဆိုအပ်ပါသည်။ ပြည်သူလူထု အများစုကြီး၏ ဆန္ဒကို ဆန့်ကျင်နေခြင်းအားဖြင့် ကိုယ့်အတွက် ဘာမျှဖြစ်မလာနိုင်ကြောင်း သိသင့်ပါသည်။ အရာရာ မေတ္တာပါမှ အဆင်ပြေလိမ့်မည်။ ဒေါသနှင့်မာနကို ခဝါချလိုက်ပါ။ လောကသည် အပြုံးနှင့်ကြိုဆိုပါလိမ့်မည်။

ပြည်သူအများအပေါ် ကရုဏာတရားကင်းစွာဖြင့် ဆင်းရဲကြပါစေ၊ ကျပ်တည်းကြပါစေ၊ မွဲတေကြပါစေ၊ ငတ်မွတ်ခေါင်းပါးကြပါစေ၊ မကျေနပ်မှုတွေ တိုးပွားပါစေ၊ ဆူပူအုံကြွ ပေါက်ကွဲမှုတွေဖြင့် ဒေါသတွေဖြစ်ကြပြီး အချင်းချင်းသတ်ဖြတ် သေကျေကြပါစေ၊ မအေးမချမ်း မလုံမခြုံဘဲ အထိတ်တလန့်နှင့် ကျီးလန့်စာစား ဒုက္ခရောက်ကြပါစေဟု ပိတ်ဆို့၊ တားဆီးပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်ဆောင်နေသမျှသည် ထိုသို့သောပုဂ္ဂိုလ်အတွက် ကရုဏာတရားနှင့် ဝေးကွာနေမည်သာ ဖြစ်ပေသည်။ ထိုသို့ ကရုဏာတရားနှင့် ဝေးသည်နှင့်အမျှ သူ၏အတ္တမာနကြောင့် မေတ္တာတရားနှင့်လည်း ဝေးသည်ထက် ဝေးကွာတတ်ချေသည်။ ထိုအခါ မေတ္တာမပါသော ထိုပုဂ္ဂိုလ်၏ လမ်းကြောင်းသည် ပညာပါရမီနှင့် လမ်းခွဲထွက်သွားခဲ့ပြီး ပညာနှင့် ဝေးကွာရချေတော့သည်။

27-9 (10).pmd 1 9/27/2008, 2:49 AM

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ရုရှားမှ ပရိုတွန်ဒုံးပျံယာဉ်လွှတ်တင်

မော်စကို စက်တင်ဘာ ၂၆

နာဗီဂါတာဂြိုဟ်တုကို သယ်ဆောင်သွားသော ရုရှားဒုံးပျံယာဉ်တစ်စင်းကို ဘိုင်ကူနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ၂၆ရက်က အောင်မြင်စွာ လွှတ်တင်လိုက်သည်။ **(အပေါ်ပုံ)**

ကွန်ရက်ချိတ်ဆက်

ပရိုတွန်ဟု အမည်ပေးထားသော ရုရှားဒုံးပျံသည် အဆိုပါဂြိုဟ်တုအား ကမ္ဘာ့ဂြိုဟ်ပတ်လမ်းအတွင်း ပို့ဆောင်ပေးမည်ဖြစ်ပြီး အခြားဂြိုဟ်တုများနှင့် ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်မည်ဟု သိရသည်။

တရုတ်အာကာသယာဉ်မှူးများ အာကာသတွင်း လမ်းလျှောက်

ပေကျင်း စက်တင်ဘာ ၂၆

ရှန်ကျိုး-၇ အာကာသယာဉ်ဖြင့် လိုက်ပါသွားသော တရုတ်အာကာသယာဉ်မှူးများသည် ပထမနေ့အဖြစ် အာကာသ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိသည်နှင့် အာကာသတွင်း လမ်းလျှောက်မှုအတွက် ပြင်ဆင်ခဲ့ကြသည်။

လမ်းထွက်လျှောက်

အသက် ၄၂ နှစ်အရွယ်ရှိ အာကာသယာဉ်မှူး ကျိုင်ကျီဂန်သည် အာကာသယာဉ်အပြင်ဘက်သို့ထွက်ကာ မိနစ် ၂၀ကြာ လမ်းထွက်လျှောက်ခဲ့သည်။ ထို့အပြင် ရှန်ကျိုး-၇ အာကာသယာဉ်အား လိုက်လံကြည့်ရှုကာ လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ယခုကဲ့သို့ အာကာသတွင်း လမ်းလျှောက်မှုမှာ တရုတ်အာကာသယာဉ် လွှတ်တင်မှုသမိုင်းတွင် ပထမဆုံးဖြစ်သည်။

ဘာရာဇီး အရှေ့မြောက်ပိုင်း၌ ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်

ဘရက်ဆဲလ်လာ စက်တင်ဘာ ၂၆

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း လေဆိပ်တစ်ခုသို့ စက်တင်ဘာ ၂၆ ရက်က ဘိုးရင်း ၇၇၇-၂၀၀ ခရီးသည်တင် လေယာဉ်တစ်စင်း အင်ဂျင်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ လေယာဉ်နှင့်ခရီးသည်များ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

ခရီးဆက်

ဘိုးရင်း ၇၇၇-၂၀၀ ခရီးသည်တင်လေယာဉ်သည် ခရီးသည် ၂၉၅ဦး တင်ဆောင်ပြီး အီတလီနိုင်ငံ ရောမလေဆိပ်မှ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီစ်မြို့သို့ ပျံသန်းလာခြင်းဖြစ်သည်။ ခရီးသည်များ နောက်ထပ်လေယာဉ်တစ်စင်းနှင့် ပြောင်းလဲကာ ခရီးဆက်ခဲ့ရကြောင်း သိရသည်။

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၅)ဆင်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ပထမဆုရ ကော့သောင်းမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးအောင်ကိုဦး၊ ဒုတိယဆုရ ဝင်ငွေခွန်ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်မူမူလွင်၊ တတိယဆုရ ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်မော်တို့အား ထူးချွန်ဆုများကိုလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

လေ့လာသင်ကြား

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး၅၀တို့သည် ရက်သတ္တလေးပတ်ကြာ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများ၊ နိုင်ငံတကာ အခွန်လုပ်ထုံး လုပ်နည်းများနှင့် ဗဟုသုတများ၊ အခွန်စီမံခန့်ခွဲမှု ပိုမိုထိရောက် ထက်မြက်စေရန် ရည်ရွယ်သည့် ဆွေးနွေးပွဲများကို လေ့လာသင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်း(၁/၂၀၀၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄နာရီက ရန်ကုန်မြို့ အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်**(အပေါ်ပုံ)**က သင်တန်းဆင်း အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး၊ အရာထမ်းများ၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၂၆ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၈ရက် (စနေနေ့)

AM & PM

၇း၀၀ -၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ -၁း၀၅	"ဥပုသ်သည် ငါးဦး" တရားတော် (အပိုင်း-၁) (ဆရာတော် အရှင်ပုညာနန္ဒ)
၇း၅၀ - ၁း၅၀	ဘုန်းတော်ကြီးသင်ပညာရေး ဆရာဖြစ်သင်တန်းကျောင်း
၈း၁၅ - ၂း၁၅	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၄၀ - ၂း၄၀	သွားကျန်းမာရေးပညာပေးအစီအစဉ် (ဒေါက်တာခင်မောင်လွင်၊ဒေါက်တာကိုကိုမော်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ကလေးတို့အတွက် လက်ဆောင် (ပူစီရုပ်နှင့် ပါပီရုပ်ကလေးခေါက်ကြရအောင်)
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	သာသနာ့နွယ်ဝင်သီလရှင်
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမ မစုမီအောင်နှင့် တွေ့ဆုံခြင်း)
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၁၁း၂၀ - ၅း၂၀	သွားမယ်စားမယ် (Golden Kitchen)
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	မိုးကြယ်စင်ရဲ့ စွမ်းဆောင်ချက် ဟိုင်းကြီးကျွန်းအတွက်
၁၂း၁၀ - ၆း၁၀	Yangon Panorama (Happy World 14th ANNIVERSARY)
၁၂း၂၅ - ၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀ - ၆း၃၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မွေးမြူရေး အစာထုတ်လုပ်ရေး)
၁၂း၄၅ - ၆း၄၅	Shopping Guide (လှူကြီးမင်း Cell Phone Villa)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Everton-Liverpool	ESPN (Live)
၈း၂၅	Man Utd -Bolton	ESPN (Live)
	Stoke City-Chelsea	STAR SPORTS(Live)
၁၀း၅၅	Arsenal-Hull City	ESPN (Live)
၁၁း၃၀	Aston Villa-Sunderland	STAR SPORTS(Live)

မန္တလေးဆေးတက္ကသိုလ် (၁၉၈၃- ၁၉၉၃ခုနှစ်) ပထမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

မန္တလေးဆေးတက္ကသိုလ်တွင် (၁၉၈၃-၁၉၉၃)ခုနှစ်အထိ အတူတကွပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ယခုနှစ်ဒီဇင်ဘာ ၂၇ရက်(စနေနေ့) နံနက်၉နာရီခွဲတွင် မန္တလေးမြို့ Sedona Hotel တွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ဒေါက်တာ ခင်စန်းလင်း(ရန်ကုန်) ဖုန်း ၀၉-၈၀-၃၁၇၈၄၊ ဒေါက်တာ သင်းသင်းခိုင် (ရန်ကုန်) ဖုန်း-၀၉- ၅၁-၄၆၄၆၃၊ ဒေါက်တာတင်တင်အေး (ရန်ကုန်) ဖုန်း-၀၁-၅၁၂၉၄၆၊ ဒေါက်တာအောင်ဇော်လင်း(မကွေး) ဖုန်း-၀၉-၅၃-၄၀၃၉၇၊ ဒေါက်တာလွဲလွဲသိန်း(မကွေး) ဖုန်း-၀၉-၅၃- ၄၀၄၂၂၊ ဒေါက်တာဇော်မြင့်(မန္တလေး) ဖုန်း-၀၉-၂၀၀၁၀၄၇၊ ဒေါက်တာ သွင်ကျော်ကျော်(မန္တလေး) ဖုန်း-၀၉-၂၀၅၁၀၆၆၊ ဒေါက်တာကျော်စိုးဝင်း (မန္တလေး)ဖုန်း-၀၉-၅၀-၂၈၀၉၁၊ ဒေါက်တာကျော်မင်းဦး(မန္တလေး) ဖုန်း-၀၉-၂၀၀၇၂၉၅၊ ဒေါက်တာ မြင့်မြင့်အေး(မန္တလေး) ဖုန်း-၀၉-၂၀၀၂၇၇၉၊ ဒေါက်တာလှဖုန်း(မန္တလေး) ဖုန်း-၀၉-၂၀၀၁၅၁၁၊ ဒေါက်တာခိုင်ပန်းအုံ(မန္တလေး) ဖုန်း- ၀၉-၂၀၂၈၉၂၀၊ ဒေါက်တာမြင့်ကျော် (လားရှိုး) ဖုန်း-၀၉-၂၁၃၁၀ ၆၅၊ ဒေါက်တာသန်းရွှေ (လားရှိုး) ဖုန်း-၀၉-၅၂-၆၂၅၆၉ တို့သို့ နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထားလှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၃၇)ကြိမ်မြောက် နိုင်ငံတကာ ပေးစာရေးပြိုင်ပွဲ ပြည်တွင်းအဆင့် ဆုရရှိသူများစာရင်း

နေပြည်တော် စက်တင်ဘာ ၂၆

ကမ္ဘာ့စာပို့တိုက်နေ့(World Post Day)အထိမ်းအမှတ်အဖြစ် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(UPU)တို့၏ အစီအစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနတို့က နှစ်စဉ်ပူးပေါင်းညှိနှိုင်း ကျင်းပလာခဲ့ရာ ၂၀၀၈ခုနှစ် (၃၇)ကြိမ်မြောက် ပေးစာရေးပြိုင်ပွဲ "Write a latter to someone to tell them why the world need to lerance" ခေါင်းစဉ်ဖြင့် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ပြည်တွင်းအဆင့် မြန်မာနှင့်အင်္ဂလိပ် နှစ်ဘာသာအနက် နှစ်သက်ရာဘာသာဖြင့် ပါဝင်ရေးသား ယှဉ်ပြိုင်စေခဲ့သည်။

ဆွတ်ခူးရရှိ

ပြည်တွင်းအဆင့် ပထမဆုကို အထက(၄)စစ်တွေ နဝမတန်းမှ မမြစန္ဒီကျော်၊ ဒုတိယဆုကို အထက(၂)သထုံ အဋ္ဌမတန်းမှ မငွေဇင်ဝင်း၊ တတိယဆုကို အထက-သိန်းနီ သတ္တမတန်းမှ မနွယ်နီလှိုင်တို့ ဆွတ်ခူးရရှိကြပြီး နှစ်သိမ့်ဆုသုံးဆုကို အထက(၂)ဘားအံ အဋ္ဌမတန်းမှ မနန်းငြိမ်းငြိမ်းစိုး၊ အထက(၃)ပဲခူး သတ္တမတန်းမှ မရတနာဆုရှင်နှင့် အလက-နှစ်ကိုင်း သံဖြူဇရပ် အဋ္ဌမတန်းမှ မခါမီလင်း၊ အထူးဆုသုံးဆုကို အထက(၁)မိုးကောင်း အဋ္ဌမတန်းမှ မောင်သီဟကျော်၊ အထက(၁)လားရှိုး နဝမတန်းမှ မယုယုခိုင်နှင့် အထက(၂)လှိုင်ကော် အဋ္ဌမတန်းမှ မဇင်မဋ္ဌူတို့က ဆွတ်ခူးရရှိကြသည်။

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)ပထမဆုရှင် မမြစန္ဒီကျော်၏ ဆုရစာမူကို နိုင်ငံတကာအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့ထားသည်။

သတင်းပို့

ပြည်တွင်းအဆင့် ဆုရရှိသူများကို ၂၀၀၈ခုနှစ် အောက်တိုဘာ၉ရက်တွင် ကျင်းပမည့် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် **ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စာပို့တိုက်ဌာနခွဲ ရုံး အမှတ်(၂) အထူးဖွံ့ဖြိုးရေးဇုန် နေပြည်တော်သို့ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၇၂၈၈နှင့် ၀၆၇-၄၀၇၂၅၁**တို့သို့ဖြစ်စေ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၆

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးအား စက်တင်ဘာ ၁၈ရက် ညနေ ၃နာရီက ပုလောမြို့နယ် ပလကျေးရွာ အောင်စကြာဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၌ ကျေးရွာမီးလင်းရေးတာဝန်ခံ ဦးကျော်မင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်အဖွဲ့သည် စပါးခွံလောင်စာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုမိုအဆင့်မြင့်ခိုင်ခံ့အောင် ပြန်လည်ပြုပြင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်

ကွမ်းခြံကုန်းမြို့မဈေး ပြန်လည်ပြုပြင် တည်ဆောက်မှု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် စက်တင်ဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၂၂ရက်နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းလေးကျေးရွာ၌ကျင်းပသော ကြခတ်ကုန်းလေးကျေးရွာနှင့် ကညင်ကုန်း ကျေးရွာအုပ်စုများမှ လေဘေးသင့်ပြည်သူ အိမ်ထောင်စု ပေါင်း ၁၂၆စုတို့အား အလှူရှင်များက ဆန်၊ဆီ၊ပဲ စသည့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီး ကျေးရွာပြည်သူများအား ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြုပြင်ပေးလျက်ရှိသည့် ကွမ်းခြံကုန်းမြို့ မြို့မဈေးကြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မဈေးကြီးကို ယခင်အခြေအနေကထက် ပိုမိုအဆင့်မြင့်ခိုင်ခံ့အောင် ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းဖြစ်ရာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီတည်ဆောက်သွားရန် မှာကြားကာဈေးကြီး အတွင်း ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ) (သတင်းစဉ်)**

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးညှင်းမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် စက်တင်ဘာ၂၂ရက်က မိုးကောင်းမြို့ အော်တိုအိတ်ချိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဝေးဆက်သွယ်ရေးလိုင်းများ ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် ကညင်မြိုင်ကျေးရွာလုံးကျွတ် အဆိုပြုလွှာပေးအပ်ပွဲနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ကျေးရွာသုံးအုပ်စုမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ ၅၅၇စောင်ကို ပေးအပ်ရာ ပြည်နယ် အတွင်းရေးမှူးက လက်ခံပြီး ဗဟိုအတွင်းရေးမှူးက ကျေးရွာပညာရေးအတွက် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် မိုးကောင်းမြို့နယ် ပင်းဘောအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျေးရွာငါးအုပ်စုမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး လိုင်း ၃၀၀ပါ အော်တိုအိတ်ချိန်း တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

အသင်းဝင်အဆိုပြုလွှာပေး

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မြို့သစ်ကလေးကျေးရွာမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကျေးရွာမှ အသင်းဝင်အဆိုပြုလွှာ ၁၇၀၄ စောင်ကို ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံပြီး ဗဟိုအတွင်းရေးမှူးက ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။ ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် ကျေးရွာစာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုပြီး ၂၁လက်မ TV တစ်လုံး လှူဒါန်းသည်။

ဆုချီးမြှင့်

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)နှင့် (၁၄)ကြိမ်မြောက်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မိုးညှင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ လုပ်ငန်းရှင်များက ပေးအပ်သော လှူဒါန်းငွေများကိုလက်ခံကာ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ကြံခင်း(အထက) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

ကြံခင်း အထကမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၃ရက်(တနင်္ဂနွေ) နံနက် ၉နာရီတွင် အထက(အောင်ကျော်ခန်းမ)၌ ကျင်းပမည်ဖြစ်သည်။

ကြံခင်း အထက၌ ပညာသင်ကြားပေးခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့ရန် ကြံခင်းမြို့သို့ လိုက်ပါနိုင်ရေးအတွက် ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) နှင့် မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီတို့က စီစဉ်ထားသည်။

ဆက်သွယ်နိုင်

အလှူငွေထည့်ဝင်လိုသူများနှင့် မြတ်ဆရာပူဇော်ပွဲသို့ လိုက်ပါလိုသူများသည် ဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၀၁-၆၃၆၇၈၀၊ ဦးစိန်ငွေး အတွင်းရေးမှူး ဖုန်း-၀၁-၆၆၃၄၈၉၊ဒေါ်တင်တင်ထွေး ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဖုန်း-၀၁-၆၅၁၂၄၇နှင့် ဒေါက်တာကျော်စိုးလင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဖုန်း-၀၉-၅၁၉-၅၈၃၅တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ကြံခင်းမြို့သို့ ထွက်ခွာရန် အောက်တိုဘာ ၁၂ရက် ညနေ ၆နာရီတွင် အောင်မင်္ဂလာ အဝေးပြေးယာဉ် ရပ်နားစခန်း၊ ရိုးမကားဂိတ်မှ မော်တော်ယာဉ် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်သူများ၏ အာဟာရအခြေအနေ ကောင်းမွန်ခြင်းသည် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်၍ဉာဏ်ရည်ထက်မြက်ရေး

နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၆

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၂၃ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနခန်းမ၌ ကျင်းပသည်။

ရည်မှန်းချက်

အခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားရာတွင် ပြည်သူများ၏ အာဟာရအခြေအနေ ကောင်းမွန်ခြင်းသည် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်ရေး၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးရေးတို့အတွက် ပဓာနကျသော အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာ ကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့် ဓလေ့များ ထွန်းကားလာရေးတို့ကို ရည်မှန်းချက်များအဖြစ်ချမှတ်ကာ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ထိန်းသိမ်း

မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်ကို မြှင့်တင်ရန် ရည်မှန်းချက်ထား၍ အမျိုးသမီးများ သံဓာတ်ဆေးပြားသောက်သုံးခြင်း၏အကျိုးကျေးဇူးကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီ-ဝမ်းချို့တဲ့မှုကို သိရှိနားလည်ပြီး ဗီတာမင်ဘီ-ဝမ်း ဆေးပြားများကို သောက်သုံးကြရန်၊ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းလုပ်ငန်းလွှမ်းခြုံမှု မြင့်မားနေသည့် အခြေအနေကို ဆက်လက် ထိန်းသိမ်းထားရန်၊ အသက်ခြောက်လ အထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့် ဓလေ့ ထွန်းကားလာစေရန်၊ အသက်နှစ်နှစ်မှငါးနှစ် အတွင်းကလေးများ၊ မူလတန်းကျောင်းသား အရွယ်ကလေးများနှင့် ကိုယ်ဝန် သုံးလ အထက် အမျိုးသမီးများအား သန်ချဆေး တိုက်ကျွေးခြင်းလွှမ်းခြုံမှု မြင့်မားလာစေရန် တို့အပြင် အာဟာရချို့တဲ့ခြင်းကို ကာကွယ်ကုသခြင်းများကြောင့် အာဟာရချို့တဲ့ခြင်း နှင့် ဆက်နွယ်ပြီးဖြစ်သော ရောဂါများ ဖြစ်ပွားမှုကို လျော့နည်းလာစေပြီး ငါးနှစ်အောက်ကလေးသေဆုံးမှုနှင့်တစ်နှစ်အောက် ကလေးသေဆုံးမှုများ ကျဆင်းလာစေရန် စသည့် ဝိသေသရည်မှန်းချက်များထားကာ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဆောင်ရွက်ကြမှာ ဖြစ်ကြောင်း၊ ဆက်လက်၍ ပြည်နယ်၊ တိုင်း အဆင့်နှင့် မြို့နယ်အဆင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်သွားကြမှာဖြစ်ကြောင်း ပြောကြားသွားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော ၂၀၀၈ခုနှစ် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဖြန့်ဝေပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်ဧည့်သည်တော်များသည်ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေ-ဆေးလုံး တိုက်ကျွေးခြင်း၊ မိခင်များအား သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီ-ဝမ်း ဆေးပြားများ ဖြန့်ဝေပေးခြင်း **(အပေါ်ဝဲပုံ)**နှင့် အိုင်အိုဒင်းဆား စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၄)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် (၁၄)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အသင်းလိုက်စစ်တုရင်ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၇ ရက်မှ ၁၆ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမတန်းအသင်းလိုက်၊ ဒုတိယတန်းအသင်းလိုက်၊ တတိယတန်းအသင်းလိုက်၊ ၂၅မိနစ် အမြန်ရွှေ့ အသင်းလိုက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအသင်းများသည် နိုဝင်ဘာ ၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးသို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်းနှင့် နိုဝင်ဘာ ၆ရက် မွန်းလွဲ ၁နာရီတွင်ကျင်းပမည့် အသင်းမန်နေဂျာများ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်၍ အသင်းသားအမည်စာရင်းများ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၂၇-၉-၂၀၀၈ရက်မှာကျရောက်တဲ့ သားလေးမောင်သုခဝေ (ခ) မောင်သုခဆာယာရဲ့ (၅)နှစ်မြောက်မွေးနေ့မှသည် သက်ဆုံးထိတိုင် ရတနာမြတ်သုံးပါးကျေးဇူးကို အထူးသိမြင်ကာ အို၊ နာ၊ သေဒုက္ခမှ လွတ်ကင်းရာဖြစ်သော နိဗ္ဗာန်ရကြောင်း ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ တရားအလုပ်တို့ကို ကြိုးစားလုပ်နိုင်ပါစေ။

ဖေဖေ-ဗိုလ်မှူးမျိုးမြင့်သောင်း
မေမေ-ဒေါ်သီရိစိုးလှိုင်။

အထက(၂)လသာ၊ အာစရိယပူဇော်ပွဲ

၂၀၀၇ခုနှစ်၊ အာစရိယပူဇော်ပွဲ အခမ်းအနားအထိ ပါဝင်ပူဇော်ခံရခြင်း မရှိသေးသော အထက(၂)လသာတွင် လုပ်သက်ငါးနှစ်ရှိပြီး ၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် အသက်(၆၀)ပြည့်ပြီး ဆရာမကြီးများသည် လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် အာစရိယပူဇော်ပွဲသို့ ကြွရောက်အပူဇော်ခံနိုင်ရန်အတွက် အောက်ဖော်ပြပါ ဆရာမများထံ ဆက်သွယ်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

၁။ ဒေါ်ချိုချိုအောင် ဖုန်း-၃၇၂၀၁၁
၂။ ဒေါ်ဝါဝါမြင့် ဖုန်း-၅၆၆၁၉၆
၃။ ဒေါ်ဝါဝါအေး ဖုန်း-၆၆၄၉၀၈။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့
ရန်ကုန်မြို့

ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး ရွှေလော်သန့်စင်ရန်အတွက် ဘော်(ငွေစင်)များ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး(၂၀၀၈/၂၀၀၉) လုပ်ငန်းများအနက် အထည်ပျက်ရွှေများ ပြန်လည်လော်သန့်စင်ရာတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဘော်(ငွေစင်) Pure Silver	၁၅ ပိဿာ

၂။ တင်ဒါပေးသွင်းမှုကို ၈-၁၀-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၁း၀၀နာရီတွင် ပိတ်သိမ်းပါမည်။
၃။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

ရုံးအဖွဲ့မှူး
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး။



(၁၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

ရန်ကုန်မြို့ စွန်းလွန်းဂူကျောင်းလမ်း ပြည်သာယာဘောက်ထော် ရန်ကင်းနေ ကိုကျော်လွင် (ညောင်လေးပင်)-မအိသူဇာမြင့်(ကော့သောင်း) တို့၏ ၂၇-၉-၂၀၀၈ရက်တွင် ကျရောက်သော (၁၁)နှစ်ပြည့် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများစွာဖြင့် ပျော်ရွှင်စရာနေ့ရက်များစွာကို ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ဖေဖေ - ဦးဝင်းမြင့် (အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်၊ ကော့သောင်းမြို့)
မေမေ - ဒေါ်ဖြူဖြူဝင်း
မောင်လေး - ကိုနေလင်းမြင့်(အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်၊ ကော့သောင်းမြို့)
သမီး - မဖူးစဟန် Primary-4(YIS)
သား - မောင်ကျော်တေဇ (Pre KG-ILBC)
သမီး - မအိမွန်ကျော်။

အမည်ပြောင်း

အဖဦးအောင်ထွန်းလင်း၏ သမီး မိမိစ် ၁၂/ဗဟန(နိုင်) ၀၄၁၀၉၆ အား ယနေ့မှစ၍ မမေသူအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မမေသူအောင်။

ဖခင်အမည်မှန်

အထက(၃)မြောက်ဒဂုံ တက္ကသိုလ်ဝင်တန်း(N)မှ မောင်မျိုးဇော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ၁၂/လကန(နိုင်)၀၆၅၃၇၆ ဖြစ်ပါသည်။ **ဦးခင်မောင်ဌေး။**

၁၉၈၄-၉၄ ပညာသင်နှစ်
မန္တလေးဆေးတက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူဟောင်းများသို့

၁၉၈၄-၉၄ ပညာသင်နှစ်တွင် အမိဆေးတက္ကသိုလ်မန္တလေးသို့ တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)နှစ်ပြည့် ငွေရတုအာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်ရှိ သူငယ်ချင်းများမှ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းများ-

မန္တလေး

ဒေါက်တာ ကျော်ကျော်ဦး ဖုန်း-၀၉-၂၀၀၃၆၅၄
ဒေါက်တာချစ်ပန် ဖုန်း-၀၉-၂၀-၀၂၆၃၇
ဒေါက်တာဇော်ဇော် ဖုန်း-၀၉-၂၀-၂၇၀၇၈
ဒေါက်တာတင်ထူးအောင် ဖုန်း-၀၉-၂၀၁၉၅၇၁
ဒေါက်တာစိုင်းဖုန်းကျော် ဖုန်း-၀၉-၅၁-၅၄၃၇၆
ဒေါက်တာစန္ဒာသိန်း ဖုန်း-၀၉-၂၀-၁၀၈၆၄
ဒေါက်တာမမိုးလှိုင် ဖုန်း-၀၉-၅၁-၂၃၇၈၃

ရန်ကုန်

ဒေါက်တာ နိုင်ဝင်း ဖုန်း-၀၉-၅၁-၁၅၅၅၅
ဒေါက်တာစိုးသူအောင် ဖုန်း-၀၉-၅၁-၂၄၂၈၁
ဒေါက်တာထွန်းမြင့်ဝင်း ဖုန်း-၀၉-၅၀-၁၄၈၈၃
ဒေါက်တာဝေဝေရင် ဖုန်း-၀၉-၅၀-၁၁၀၀၄၊ ၀၁-၆၅၃၃၅၁
ဒေါက်တာသင်းယုဇော် ဖုန်း-၀၉-၅၁-၆၇၆၇၃
ဒေါက်တာဝါဝါစိန် ဖုန်း-၀၉-၅၁-၂၀၂၂၀၊ ၀၁-၅၀၀၃၀၃
ဒေါက်တာပပဝါ ဖုန်း-၀၉-၈၀၂၂၅၆၇
ဒေါက်တာစိုင်းကျော်ခမ်းလောင်(ဝ်) ဖုန်း-၀၉-၅၀-၁၅၈၈၅။

မူးယစ်ကင်းစင် အလှဆင်

● *ကျောဖုံးမှ*

အချိန်တိုအတွင်း အောင်မြင်ခဲ့သည်။ ၁၉၉၇ခုနှစ် ထိုင်းဖိတ်ခေါ်မြားပစ်ပြိုင်ပွဲမှ အစပြုခဲ့သည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ အောင်မြင်မှုသည် ယခု၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွင်းက ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့အဆင့် သတ်မှတ်ရေး ပထမအကြိမ်အာရှပတ်လည် မြားပစ်ပြိုင်ပွဲအပြီးအထိ ဆုတံဆိပ်ပေါင်း ၁၀၀ကျော် ရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏အောင်မြင်မှုများကို တိတိကျကျဖော်ပြရလျှင် ပြိုင်ပွဲ ၂၃ခုမှ ရွှေတံဆိပ် ၄၂ခု၊ ငွေတံဆိပ် ၄၂ခု၊ ကြေးတံဆိပ် ၅၀၊ စုစုပေါင်း ဆုတံဆိပ် ၁၃၄ခု ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲ

ထို့ပြင်မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ နောက်ထပ် အောင်မြင်မှုတစ်ခုကို ဖော်ပြရလျှင် ကမ္ဘာ့ထိပ်သီးမြားပစ်ကစားသမားများဝင်ရောက်ယှဉ်ပြိုင်ပြီး လက်ရည်စစ်ပွဲအောင်မြင်မှသာ ပါဝင်ယှဉ်ပြိုင်နိုင်သော ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲကို သုံးကြိမ်တိုင် ယှဉ်ပြိုင်ခွင့်ရရှိထားခြင်းဖြစ်သည်။ ၂၀၀၀ပြည့်နှစ် ဆစ်ဒနီအိုလံပစ်ပြိုင်ပွဲတွင်သီသီဝင်း၊ ၂၀၀၄ခုနှစ် အေသင်အိုလံပစ်ပြိုင်ပွဲတွင် သင်းသင်းခိုင်နှင့် မကြာမီကမှ ပြီးစီးသွားသည့် ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် နေမျိုးအောင်တို့ ပါဝင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲ သုံးခုစလုံးတွင် မြန်မာ မြားပစ် ကစားသမားများမှာ ဆုတံဆိပ်ရယူနိုင်ခြင်း မရှိသော်လည်း အဆင့်အတန်းမီစွာဖြင့် ထိုက်သင့်သည့် အဆင့်ရရှိအောင် ပစ်နိုင်ခဲ့သည်။ အနီးကပ်ဆုံးဖြစ်သည့် ပေကျင်းအိုလံပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နေမျိုးအောင်မှာ ကမ္ဘာ့အဆင့်(၁၃)ရှိ ပိုလန် မြားပစ်ကစားသမားကို လေးမှတ်အကွာဖြင့် ရှုံးနိမ့်ခဲ့သော်လည်း (၂၃)နှစ်အရွယ်ဖြင့် ကမ္ဘာ့မြားပစ် ထိပ်သီးကစားသမားများကို ရင်ပေါင်တန်းပစ်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့နိုင်ငံများ၏ ချီးကျူးမှုကိုခံခဲ့ရသလို ၂၀၀၅ ခုနှစ်က ဖိလစ်ပိုင်ဆီးဂိမ်းတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ဇော်ဝင်းထိုက်၏ ရမှတ်ထက်ပင် သာလွန်ကောင်းမွန်ခဲ့သည်ဟု သိရသည်။

ပေကျင်းအိုလံပစ်

ပေကျင်းအိုလံပစ်ပြိုင်ပွဲအတွေ့အကြုံနှင့်ပတ်သက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊အား/ကာ)က ဤသို့ ရှင်းပြသည်။ ''ပေကျင်းအိုလံပစ်ပြိုင်ပွဲ၏ မြားပစ်ပြိုင်ပွဲကို ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်၏ လက်ရည်စစ်ပွဲ အောင်မြင်သူများသာ ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ကြောင်း၊ နေမျိုးအောင် ယှဉ်ပြိုင်သည့်အမျိုးသားRecurve ရှုံးထွက်ပြိုင်ပွဲကို ကမ္ဘာ့ထိပ်သီးမြားပစ်ကစားသမား ၆၄ဦး ယှဉ်ပြိုင်ခဲ့ရာ နေမျိုးအောင်က အဆင့်(၄၃) ရရှိခဲ့ကြောင်း၊ နေမျိုးအောင်မှာ ပထမအဆင့်တွင် ကမ္ဘာ့အဆင့်(၁၃)ရှိ ပိုလန်ကစားသမားကို ၁၀၆-၁၁၀ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမမြား ခြောက်ချောင်းတွင် ၅၅ မှတ်စီ တူညီနေသော်လည်း နောက်မြား ခြောက်ချောင်းမှ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ နေမျိုးအောင်မှာ အသက်အရွယ်ငယ်သေးသလို ကမ္ဘာ့အဆင့်ပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ယှဉ်ပြိုင်ရခြင်းဖြစ်၍ စိတ်လှုပ်ရှားပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ မြားပစ်သက်တမ်း နှစ်နှစ်ကျော်အတွင်းမှာ ယခုကဲ့သို့ အဆင့်အတန်းမီစွာ ယှဉ်ပြိုင်နိုင်ခဲ့သည့် နေမျိုးအောင်ကို ပြိုင်ပွဲဝင် ကမ္ဘာ့နိုင်ငံများက ချီးကျူးခဲ့ကြကြောင်း၊ ပြိုင်ပွဲဝင်သည့်ကစားသမားများမှာ မြားပစ်သက်တမ်းအနည်းဆုံး ငါးနှစ်ကျော်ရှိကြကြောင်း၊ နေမျိုးအောင်အနေဖြင့် အိုလံပစ်ပြိုင်ပွဲတွင် ရရှိခဲ့သော အမှတ်နှင့် အဆင့်မှာ နိမ့်လှသည်မဟုတ်ဘဲ ဆက်လက်ကြိုးစားပါက နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိနိုင်မည်ဟု သုံးသပ်မိပါကြောင်း၊ အိုလံပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းကြောင့် ကမ္ဘာ့ထိပ်သီးကစားသမားများ၏ အရပ်အမောင်း၊ အနေအထား၊ နည်းစနစ်ပိုင်း၊ ကျွမ်းကျင်မှု၊ လေ့ကျင့်မှုအပိုင်းတို့အပြင် အားကစားပစ္စည်း၊ ကွင်းတို့ကိုပါ အနီးကပ်လေ့လာခွင့်ရရှိသည့်အတွက် များစွာ အကျိုးရှိပါကြောင်း၊ ထိုအတွေ့အကြုံများကို အသုံးပြုပြီး ရှေ့လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း''ဖြင့် ပြောကြားသွားသည်။

အိုလံပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်ကစားသမားများအနေဖြင့် ဆုတံဆိပ်များ ရရှိခြင်းမရှိသော်လည်း ယင်းပြိုင်ပွဲမှရရှိလိုက်သော အတွေ့အကြုံကောင်းများကို အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ ပူးပေါင်းဆောင်ရွက်ကာ အကျိုးရှိရှိ အသုံးချနိုင်မှုကြောင့် ဒေသအတွင်း ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူနိုင်ခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ် ဆစ်ဒနီ အိုလံပစ်ပြိုင်ပွဲအပြီးတွင် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ် အတွင်း၌ ပြိုင်ပွဲငါးခု ယှဉ်ပြိုင်ရာ ရွှေ ရှစ်ခု၊ ငွေ သုံးခု၊ ကြေး ခုနစ်ခု၊ ၂၀၀၄ ခုနှစ် အေသင်အိုလံပစ် ပြိုင်ပွဲအပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း၌ ပြိုင်ပွဲငါးခု ယှဉ်ပြိုင်ရာတွင် ရွှေ ၂၅ ခု၊ ငွေ ၁၉ ခု၊ ကြေး ၂၆ခုတို့ ရယူနိုင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အနေဖြင့် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ နှစ်ခုကို ယှဉ်ပြိုင်ရန်ရှိနေပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက်ပါ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယခုနှစ်အတွင်း ယှဉ်ပြိုင်ရန်ရှိသည့် ပြိုင်ပွဲများမှာ အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေး တတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ၊ ဒီဇင်ဘာ၉ရက်မှ ၁၄ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှ အလွတ်တန်း Compound မြားပစ်ပြိုင်ပွဲတို့ဖြစ်သည်။

ပထမအကြိမ် အာရှ Compound မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှာ နိုင်ငံတကာ မြားပစ်ပြိုင်ပွဲများကို ငါးပွဲမြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းလည်းဖြစ်သည်။ ယခင်က ၁၉၉၈ ခုနှစ်တွင် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ၊၂၀၀၃ ခုနှစ်တွင် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် အေသင်အိုလံပစ် လက်ရည်စစ်ပွဲ၊ ၂၀၀၅ ခုနှစ်တွင် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲ၊ ၂၀၀၆ခုနှစ်တွင် ဒုတိယ အကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲနှင့် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် ပြိုင်ပွဲတို့ဖြစ်သည်။

ကမ္ဘာ့အဆင့်

အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှ Compound မြားပစ်ပြိုင်ပွဲနှင့် ပတ်သက်၍ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက **''ယင်းပြိုင်ပွဲမှာ အာရှမြားပစ်အဖွဲ့ချုပ်က ကျင်းပသည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပြိုင်ပွဲဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရန် အာရှမြားပစ်အဖွဲ့ချုပ် အဖွဲ့ဝင် ၃၃နိုင်ငံကို ဖိတ်ကြားထားသလို အာရှမြားပစ်အဖွဲ့ချုပ်မှတစ်ဆင့် ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများကိုပါ ဖိတ်ကြားထားကြောင်း၊ ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း၊ တစ်ဦးချင်းမီတာ ၇၀ အမှတ်ပေးပြိုင်ပွဲ၊ ရှုံး/ထွက်ပြိုင်ပွဲ၊ အသင်းလိုက်အမှတ်ပေးပြိုင်ပွဲနှင့် ရှုံး/ထွက်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များပါဝင်မည်ဖြစ်ကြောင်း၊ ဆုတံဆိပ်အနေဖြင့် ရွှေ ရှစ်ခု၊ ငွေ ရှစ်ခု၊ ကြေး ရှစ်ခု ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကိုလည်း ယခင်ပြိုင်ပွဲများ ကျင်းပစဉ်ကကဲ့သို့ပင် ခမ်းနားစွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း''**ဖြင့် ပြောကြားသည်။

မြန်မာမြားပစ်အဖွဲ့ချုပ်တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးအောင်သူရနှင့် ဒေါ်သီတာဝင်း၊ နည်းပြများအဖြစ် ဦးအောင်နိုင်ဦး၊ ဒေါ်သီသီဝင်း၊ ဒေါ်မြတ်သူဇာမြင့်၊ အားကစားသမားများအဖြစ် Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ ကျော်လွင်မိုး၊ ငြိမ်းချမ်းအောင်၊ အေးနိုင်၊ အမျိုးသမီး-သဇင်အောင်၊ ဟေမာနှင်း၊ ဇင်မာအောင်၊ စုလှဲ့မွန်၊ Compound အမျိုးသား-ရဲမင်းဆွေ၊ ခင်ဇော်၊ ခင်မောင်ဝင်း၊ ပိုင်မြတ်သူ၊ ပိုင်ပြည့်ဖြိုး၊ အမျိုးသမီး-အောင်ငှိမ်း၊ လှလှစံ၊ တင်လှဝင်း၊ သန်းသန်းထွေး၊ ခင်လေးနုနှင့် ချယ်ရီအောင်တို့ ပါဝင်ကြသည်။ ။ **(မြန်မာ့အလင်း)**

Recurve မြားပစ်လက်ရွေးစင် ဇော်ဝင်းထိုက် လေ့ကျင့်နေစဉ်။



မြန်မာ့လက်ရွေးစင် မြားပစ်အားကစားမယ် အောင်ငှိမ်း။



မအူပင်မြို့နယ် ၂၀၀၈ခုနှစ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက် ၂၅နှစ်နှင့်အောက် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၀ရက်က ကျင်းပရာ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်က ရပ်ကွက်ပေါင်းစုံ ဘောလုံးအသင်းအဖွဲ့များအား ဖွင့်ဖွင့်အမှာစကားပြောကြားစဉ်။ (ခရိုင် အား/ကာ)

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်း၊ တံတားများပြုပြင်

ရေဦး စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်သည် ဩဂုတ် ၂၂ရက် မွန်းလွဲ ၂နာရီက ရေဦးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ထားသည့် မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးသည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမောင်ဆွေတို့က လုပ်ငန်းများဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က လိုအပ်သည်များကို မှာကြားဆွေးနွေးသည်။

အလားတူ မြို့သန့်ရှင်းသာယာလှပရေးနှင့် လမ်း၊တံတားများ ပြုပြင်တည်ဆောက်ထားရှိမှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ယင်းနေ့ နံနက်ပိုင်းက တန့်ဆည်မြို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်ချိုမြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ငွေလှူဒါန်း

နောင်ချို စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မြို့နယ်ခန်းမ၌ မြို့နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ၂ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌဦးအောင်ကျော်က အမှာစကားပြောကြားပြီးကော်မတီဝင်များက လှူဒါန်းရခြင်းကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း သုံးစွဲသူများကိုယ်စား ဒီဂျစ်တယ်အော်တို တယ်လီဖုန်း ဖြစ်မြောက်ရေး ကော်မတီက ဒေသဖွံ့ဖြိုးရေးအတွက်အလှူငွေ ကျပ် ၂၀၀၀၂၃၀၀ကို ပေးအပ် လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းကိုကိုဝင်းနှင့် အဖွဲ့ဝန်ထမ်းများ၊ ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ရေများဖောက်ထုတ်မှု၊ ရေနုတ်မြောင်းနှင့် ရေပြွန်များ ရှင်းလင်းဆောင်ရွက်မှုကို ဩဂုတ် ၂၉ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မောက်မယ်၌ ကျင်းပ

မောက်မယ် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မောက်မယ်မြို့နယ်၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အောင်ချက်အကောင်းဆုံးဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၆ရက်က နမ့်ယွန်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သက်နိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းငွေးတို့က မြို့နယ်အောင်ချက် အကောင်းဆုံးဆု၊ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရသူများနှင့် အောင်မြင်သူများအား ဆုများ ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာဘဏ်စာကြည့်တိုက် စာအုပ်ပြပွဲ ကလေး၌ဖွင့်

ကလေး စက်တင်ဘာ ၁၉

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်သူဦးရေ တိုးပွားရေးအတွက် ပညာဘဏ် စာကြည့်တိုက် စာအုပ်ပြပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁၂နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းလှိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းသား ကျောင်းသူများက စာအုပ်ပြပွဲကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့(ချ်) မျိုးမြင့်နှင့် မီးသတ်ဦးစီးဌာနမှူး ဦးနေဝင်းတိုးတို့ စက်တင်ဘာ ၁၆ရက်က အဖွဲ့ပိုင်မြို့မဈေး အတွင်း မီးဘေးလုံခြုံရေး စီမံချက်အရ မီးငြိမ်းသတ်ရန် ကိရိယာများ ထားရှိခြင်း၊ မီးသတ်ဆေးဘူးများ လဲလှယ်ပေးခြင်းနှင့် ဈေးဆိုင်ခန်းများတွင် မီးလောင်လွယ်သော ပစ္စည်းများ ထားရှိခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးနာယကဒိုင်း ဘောလုံးပြိုင်

ဆီဆိုင် စက်တင်ဘာ ၁၉

ဆီဆိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကဒိုင်း ဘောလုံးပြိုင်ပွဲနှင့် ဗိုလ်လုပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၂နာရီခွဲက ဆီဆိုင်မြို့ အောင်သပြေ ဘောလုံးကွင်း၌ ဆိုက်ခေါင်ကျေးရွာအသင်းနှင့် တဘက်ကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆိုက်ခေါင်ကျေးရွာအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

တောင်ငူ စက်တင်ဘာ ၂၂

၂၀၀၈ခုနှစ် တောင်ငူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ဖလား) ရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၁၁ရက် ညနေ ၃နာရီခွဲက တောင်ငူမြို့ ခရိုင်အားကစားကွင်း၌ ရပ်ကွက်(၇) ဘောလုံးအသင်းနှင့် ရပ်ကွက်(၂၀+၂၁)ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲ ပြီးဆုံးသည်အထိ ဂိုးမရှိသရေပွဲဖြစ်နေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ရပ်ကွက်(၂၀+၂၁)အသင်းက ရပ်ကွက် (၇)အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရာ ပထမရရှိသော ရပ်ကွက် (၂၀+၂၁)အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဆုဖလားနှင့် ငွေကျပ်တစ်သိန်းငါးသောင်းကို ပေးအပ်ချီးမြှင့်သည်။ (၀၄၈)

ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၏ စေတနာ(အခမဲ့) ဆေးကုခန်း ငွေပဒေသာပင် စိုက်ထူရန်အတွက် စက်တင်ဘာ ၁၉ ရက်က ပေါင်းတည်မြို့ ရွှေတောင်လမ်းနေ ဦးကြူဝမ်-ဒေါ်ကြင်ပိုင်၊ သမီးများဖြစ်ကြသည့် ဒေါ်သန်းကြည်၊ ဒေါ်အကြည်နှင့် ဒေါ်မြင့်မြင့်ကြည်တို့က ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးကုခန်း ဘဏ္ဍာရေးမှူး ဦးဝင်းရွှေနှင့် စာရင်းစစ် ဦးဝင်းအောင်တို့ လက်ခံယူကြစဉ်။ (၀၆၁)

ညောင်တုန်း၌ ကတ္တရာထပ်ပိုးလွှာခင်း

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး သူရဦးမြင့်သူနှင့်အဖွဲ့ ညောင်တုန်းမြို့ လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် အခြေခံကျောက်လွှာခင်းခြင်းကို စက်တင်ဘာ ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့က ရှင်းလင်းပြသစဉ်။ (၁၅၂)

သဖန်းဆိပ်ဆည်တွင် ငါးမျိုးဖွံ့ဖြိုးတိုးတက်ရေး ငါးမျိုးစိုက်ထည့်

ကန့်ဘလူ စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်း မူးမြစ်ဝှမ်း သဖန်းဆိပ်ဆည် ရေသယံဇာတ၊ ငါးသယံဇာတ ကြွယ်ဝစေရေးနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန စစ်ကိုင်းတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉တွင် ငါးသားပေါက်သိန်းနှစ်ဆယ် စိုက်ထည့်ရန် စီမံချက်အရ ဩဂုတ် ၉ရက်က ငါးသားပေါက် ဆယ်သိန်းစိုက်ထည့်ပေးပြီး ကျန်ဆယ်သိန်းကို စနစ်တကျမွေးမြူထားရှိသည်။

သဖန်းဆိပ်ဆည်ကြီးတွင် ငါးပတ်၊ငါးကြောင်း၊ငါးရံ့၊ငါးရံ့ဒိုင်း၊ ငါးပြား၊ ငါးဖန်းမ၊ ငါးမြစ်ချင်း၊ ငါးမြွေထိုး၊ ငါးရွှေဝါ၊ ငါးလူးစသည့် ရေချိုငါးများနှင့် ပုစွန်များ ပေါများကြွယ်ဝပြီး ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် မိုးရွာသွန်းမှုများခြင်း၊ ရေလျှံခြင်းတို့ကြောင့် ငါးလုပ်ငန်းများ အခက်အခဲကြုံချိန် ရေချိုငါးလိုအပ်ချက်ကို သဖန်းဆိပ်ဆည်ကြီးက အထောက်အကူပြုလျက်ရှိသည်။

ငါးပတ်နှင့် ငါးကြောင်းတို့မှာ သဖန်းဆိပ်ဆည်၌သာ အများဆုံး ရှင်သန်ဖြစ်ထွန်းပြီး နှစ်ပိသာနှင့်အထက် ငါးပတ်၊ ငါးကြောင်းတစ်ကောင်လျှင် ဒေါ်လာ၂၀ဖြင့် ပြည်ပဈေးကွက်ရလျက်ရှိရာ စနစ်တကျ ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ (၀၂၇)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း စက်တင်ဘာ ၄ရက်က ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကုလားဘီကျေးရွာ ရေရရှိရေးနှင့် မီးလင်းရေးဆောင်ရွက်ထားရှိမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာ စည်ပင်သာယာရေးအဖွဲ့ လမ်းများ တိုးတက်ကောင်းမွန်ရေး ကားကြီးဝင်းအဝင်လမ်း ထပ်ပိုးလွှာခင်း

မိတ္ထီလာ စက်တင်ဘာ ၁၆

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ကတ္တရာလမ်းများ တိုးချဲ့ခင်းခြင်း၊ ထပ်ပိုးလွှာတင်ခြင်းနှင့် လမ်းပေါက်များပြုပြင်ဖာထေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်သည် မိတ္ထီလာမြို့ ကားကြီးဝင်း အဝင်လမ်း ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။

မိတ္ထီလာမြို့တွင် မြို့တွင်း ကတ္တရာလမ်းသစ်(၂၁)လမ်း အရှည် ၃/၃ဒသမ၉မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်း (၇)လမ်း အရှည် ၁/၅ဒသမ၆မိုင်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ဝင်ဆိုင်းဘုတ်အနီးတွင် မြို့သာယာလှပရေးအတွက် ပန်းအလှပင်များစိုက်ပျိုးမှုကို စက်တင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကဝမြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၆ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မိဘများဖြစ်ကြသော ဦးဘခင်-ဒေါ်စောကြည်တို့အား ရည်စူး၍ ကဝမြို့ ၅ရပ်ကွက်နေ ဦးမြသွင်-ဒေါ်မြင့်မြင့်စိန်၊ ညီမ ဒေါ်သီတာအေး မိသားစုက ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်က လက်ခံယူစဉ်။ (ဝ၆၄)

ထန်တလန်မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ထန်တလန် စက်တင်ဘာ ၂၀

ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ရက် နံနက် ၁၀နာရီက ထန်တလန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တည်တံ့ခိုင်မြဲရေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစွန်လှယ်ထန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနီကျင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးနီကျင်းနှင့် စာထောက်-၃ ဦးဟရန်အဲရ်တို့က စာအုပ်များ ကိုယ်ပိုင်ရေးသွင်းနည်း၊ မျိုးတူစုခွဲခြားနည်း၊စာကြည့်တိုက်လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းများကို ပို့ချဆွေးနွေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပျိုးအိတ်ထုပ်ခြင်းနှင့် ပန်းပျိုးခြင်း လုပ်ငန်းများကို စက်တင်ဘာ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ကျောက်တံခါး စက်တင်ဘာ ၂၄

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဒဂုန်မန်းလမ်းဘေးဝဲယာနှင့် ပြည်သူ့ ဆေးရုံရှေ့ ရေမြောင်းဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းကို ဝန်ထမ်းများဖြင့် ဩဂုတ်၂၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အမည်ပြောင်း

တောင်ကြီးမြို့ အထက(၁) ပဉ္စမတန်း(က)မှ မနန်းဆုဝတီအား ယနေ့မှစ၍ မစုမင်းမြတ်ဝတီဟု ပြောင်းလဲခေါ်ပါရန်။

မစုမင်းမြတ်ဝတီ။

အမည်ပြောင်း

ရွှေညောင်မြို့ အထက တက္ကသိုလ်ဝင်တန်း (B)မှ မောင်မင်းမင်းခန့်အား ယနေ့မှစ၍မောင်အသားဟုပြောင်းလဲခေါ်ပါရန်။

မောင်အသား။

မိခင်အမည်မှန်

ရွှေညောင်မြို့ အထက တက္ကသိုလ်ဝင်တန်း (B)မှ မောင်အသား၏ မိခင်အမည်မှန်မှာ ဒေါ်ကြီဗှာ ဖြစ်ပါကြောင်း။

ဒေါ်ကြီဗှာ။

အမည်ပြောင်း

ဦးသိန်းသန်း၏သား အထက (မြို့သစ်မြို့) တက္ကသိုလ်ဝင်တန်းမှ မောင်ရဲခေါင်ထူးအား ယနေ့မှစ၍ မောင်ရဲခေါင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲခေါင်။

အမည်မှန်

အဖ ဦးထွန်းမှီ၏သား မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၃၄၀၃၈၆ ကိုင်ဆောင်သူ၏ အမည်မှန်မှာ မောင်ကိုကြီး(ခ)မောင်ကျော်ဇင်အောင်ဖြစ်ပါကြောင်း။

မောင်ကိုကြီး(ခ)မောင်ကျော်ဇင်အောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်ကျော်စိုး CDC-60442 ၏ TF-14438106 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁-၅၁၈၄၉။

အမည်ပြောင်း

အဖဦးရွှေကျော်ထွန်း၏သား အထက(၂) ကမာရွတ် Grade-7(D) မှ မောင်ရဲထွဋ်ထွန်းအား မောင်စိုးထွဋ်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုးထွဋ်ထွန်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈/စီ)၊ မြေကွက်အမှတ် ၁၉၊ အိမ်အမှတ် ၅၇၊ ရှစ်ထပ်တိုက် နှစ်ခန်းတွဲအဆောက်အအုံ၏ ခြေရင်းခန်း၊ သုံးလွှာတိုက်ခန်းအား ပိုင်ဆိုင်သူဦးအေးဝင်း ၁၂/စခန(နိုင်) ၀၀၄၂၉၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် အကျိုးသက်ဆိုင်ပတ်သက်သူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇာနည်ဇော် ၁၂/စခန(နိုင်)၀၅၁၁၇၉

အမှတ်(၂၁)၊ ဗဟိုလမ်း၊ ဝေဠုဝန်တောင်ရပ်ကွက်၊ စမ်းချောင်း။

တရုတ်စကားပြောအထူးအမြန်သင်တန်း

လသာမြို့နယ် စဉ့်အိုးတန်းရှိ ဖူကျန့်ဘုံကျောင်းမှ TV ဇာတ်လမ်းတွဲခွေများကို အများဆုံးဘာသာပြန်သော ဆရာဦးကျော်ဝင်းအားဖိတ်ခေါ်၍ အောက်တိုဘာလမှစ၍ တရုတ်စကားပြောအထူးအမြန်သင်တန်း ဖွင့်လှစ်ပါမည်။ ၄င်းသင်တန်းသည် သုံးလအတွင်း အခြေခံပြောတတ်စေရမည်။ (တရုတ်စကားပြော တတ်မြောက်ပြီးမှ စာကိုသင်ကြားပါမည်။)

သင်တန်းတက်လိုသူများ ရုံးချိန်အတွင်း အမှတ်(၁၁၀)စဉ့်အိုးတန်းလမ်းတွင် စာရင်းပေးသွင်းနိုင်သည်။

သင်တန်းချိန်- **အပတ်စဉ်** စနေ၊ တနင်္ဂနွေ ညနေ ၃း၀၀နာရီမှ ၅း၀၀အထိ။ (၃)လပြတ်သင်တန်း ၄-၁၀-၂၀၀၈ရက်တွင် သင်တန်းဖွင့်လှစ်ပါမည်။

အမှတ် ၁၄၇၊ လသာလမ်းတွင် သင်တန်းတက်ရပါမည်။

ဖုန်း-၂၅၀၆၄၆၊ ၂၅၀၈၄၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



ရန်ကုန်စက်မှုတက္ကသိုလ် (စက်မှုအင်ဂျင်နီယာဌာန) ဆရာကြီးဦးဘသန်း-ပါမောက္ခ/ဌာနမှူး(အငြိမ်းစား)

မွေးနေ့ကန်တော့ပွဲ

ဆရာကြီး၏(၇၈)နှစ်ပြည့် မွေးနေ့ကန်တော့ပွဲနှင့် အထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကို ၂-၁၀-၂၀၀၈ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် M3 Foot Centre ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၏တပည့်အားလုံး ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တက်ရောက်ကန်တော့ကြမည့် တပည့်များသည် အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၁)	ဦးထွန်းရွှေ(၆၀)	ဖုန်း-၅၁၁၂၁၃	(၁၆)	ဦးဌေးမောင်(၇၅)	ဖုန်း-၀၉-၅၁-၅၇၂၇၅
(၂)	ဦးစိုးလွင်(၆၃)	ဖုန်း-၆၄၂၆၈၆	(၁၇)	ဦးမွင့်ကြည်(၇၆)	ဖုန်း-၅၁၆၈၇၁
(၃)	ဦးလင်း(၆၆)	ဖုန်း-၀၉-၅၁-၁၂၄၅၉	(၁၈)	ဦးတင်ထွန်းအောင်(၇၅-၇၇)	ဖုန်း-၅၅၆၆၆၅
(၄)	ဦးသိန်းထွန်းအောင်(၆၇)	(ttaung67@gmail.com.mm)	(၁၉)	ဦးအောင်ကျော်မြင့်(၇၇)	ဖုန်း-၃၇၄၉၀၁
(၅)	ဦးခင်မောင်တင့်(၆၉)	ဖုန်း-၅၀၅၅၄၁	(၂၀)	ဦးမြင့်အောင်(၇၈)	ဖုန်း-၀၉-၅၁-၉၆၇၄၄
(၆)	ဦးမျိုးမြင့်(၇၀)	ဖုန်း-၅၃၄၈၀၆	(၂၁)	ဦးဝင်းငွေ(၇၈)	ဖုန်း-၀၉-၈၀-၃၀၃၂၆
(၇)	ဦးအောင်မျိုးခင်(၇၁)	ဖုန်း-၅၇၈၅၃၄	(၂၂)	ဦးတင်မြင့်(၈၀)	ဖုန်း-၀၉-၅၀-၀၂၅၉၇
(၈)	ဦးမြင့်ဖေ(၇၂)	ဖုန်း-၀၉-၅၁-၃၆၉၁၈	(၂၃)	ဦးသိန်းထွဋ်(၈၁)	ဖုန်း-၀၉-၈၀-၃၁၄၁၂
(၉)	ဗိုလ်မှူးအောင်မင်း(ငြိမ်း)(၇၂)ဖုန်း-၇၀၃၇၀၂		(၂၄)	ဦးနေမျိုးမောင်(၈၃)	ဖုန်း-၂၂၈၅၄၅
(၁၀)	ဦးဝင်းထိန်ဦး(၇၂)	ဖုန်း-၀၉-၅၁-၇၀၃၉၀	(၂၅)	ကိုကို(စက်မှုတက္ကသိုလ်)	ဖုန်း-၀၉-၅၀-၀၄၈၇၂
(၁၁)	ဦးအောင်မောင်း(၇၃)	ဖုန်း-၀၉-၅၁-၂၆၂၇၆	(၂၆)	ဒေါ်မြမြဝင်း(၈၃)	ဖုန်း-၀၉-၅၁-၀၂၃၇၃
(၁၂)	ဦးလှဝင်း(၇၃-၇၅)	ဖုန်း-၀၉-၅၁-၉၇၆၂၁	(၂၇)	ဒေါ်မြင့်မြင့်ချို(၈၄)	ဖုန်း-၅၄၈၃၄၀
(၁၃)	ဦးဝင်းခိုင်(၇၅)	ဖုန်း-၅၇၉၀၃၈	(၂၈)	ဒေါ်ကြည်ကြည်ပြုံး(၈၆)	ဖုန်း-၀၉-၅၁-၃၆၈၃၉
(၁၄)	ဦးဇော်မင်း(၇၅)	ဖုန်း-၀၉-၅၀-၂၂၃၄၉	(၂၉)	ဦးစိန်သောင်း(၈၇)	ဖုန်း-၀၉-၅၀-၁၃၀၅၇
(၁၅)	ဦးဌေးအောင်(၇၅)	ဖုန်း-၀၉-၈၀-၃၀၇၄၇	(၃၀)	ဦးမြိုင်သန်းတိုးဦး(၉၅)	ဖုန်း-၆၅၁၁၂၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ x^2၊ မြေကွက်အမှတ်(V)၄၈၊ မြေအကျယ် (၂၄×၅၀)ပေ၊ နှစ် ၉၀ မြေငှားဂရန်မြေမျိုး၊ မြေအမည်ပေါက် ဒေါ်တင်ကြည်ဟုမှတ်သားထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၁၊ ၅ လမ်း၊ လမ်းမတော်မြို့နယ်ဟုခေါ်တွင်သော နှစ်ခန်းတွဲသုံးထပ်အိမ်ပေါင်းအပါအဝင် အကျိုးခံစားခွင့်များကို ကွယ်လွန်သူ ဒေါ်တင်ကြည်၏အမွေဆက်ခံသူ သမီးဒေါ်ရီ ၁၂/လမတ(နိုင်)၀၃၂၂၇၃ ပါ လေးဦးတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေ ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂ Great FATHER LAND ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင်က တန်ဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်း အဝယ်ကိစ္စအပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးလှမြင့်(ဒဂုံ) စဉ်-၉၀၁၂
(အထက်တန်းရှေ့နေ)
အခန်းအမှတ်-၂၀၂/ဒီ၊ ၃ လွှာ၊
တိုက်-၉/၁၁၊ ၃၆ လမ်း၊ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀-၃၁၈၁၀။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သံနန်းဆွဲစက်ရောင်းမည်

ကီလိုဝပ် 250 မော်တာနှင့်သံနန်းဆွဲစက်နှင့် ကျောက်မီးသွေးဖိုပါ ရောင်းမည်။

ဖုန်း-၀၉-၅၁-၃၃၄၃၄။

ရေခဲစက်ဝယ်မည်

ရေခဲစက်အဟောင်း ဝယ်ယူလိုပါသည်။

ဖုန်း-၀၉-၅၀-၃၈၃၂၄။

ဗန်းမော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ဒေါ့ဖုန်းယန်မြို့နယ်မြေခံတပ်ရင်း အောင်စစ်သည်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။ *စာမျက်နှာ ၈ ကော်လံ ၄* ✱

နိုင်ငံ့သားကောင်း သမီးကောင်းရတနာ ရင်သွေးငယ်များ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်မှုရှိစေရန်

အာဟာရပြည့်ဝသည့် မိခင်နို့ရည် စနစ်တကျတိုက်ကျွေး



သတင်းဆောင်းပါး-နုနုရီနှင့် သန်းသန်းနု
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး

ရန်ကုန် စက်တင်ဘာ ၂၆

လူတိုင်း သက်တမ်းစေ့အသက်ရှင်နေနိုင်ရေး ရည်မှန်းချက်နှင့်အညီ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရန် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား မိခင်နို့စနစ်တကျတိုက်ကျွေးရန် ပညာပေးခြင်းလုပ်ငန်းများကို ဤသို့ ဆောင်ရွက်လျက်ရှိသည်။ မိခင်နို့စနစ်တကျတိုက်ကျွေးရေး လက်စွဲစာစောင်မှ-

မိုက်မဲဘိခြင်း

* ထိပ်တိုက် ဆန့်ကျင်ရေးနဲ့
ပျက်သုဉ်းရေး အလုံးစုံ။

* မဆီလျော် ရလဒ်ဟောင်း
တောင်းရင်း ချိန်ကုန်။

* ဆူပူကာ အကြမ်းဖက်လို့
ဖျက်ဆီးရေး ဓာတ်လမ်းစုံ
အကုန်ပ သူနဲ့မကင်း။

* ပြည်သူ့ဆန္ဒ လျစ်လျူရှု
ပြည်သူ့အကျိုး သူဆန့်ကျင်
ကိုယ်ကျိုးရှာ 'အာဏာ'ခင်သူရဲ့
ရွှေသမင် ရေလိုက်လွဲ
မိုက်မဲဘိခြင်း။ ။

မန်းသာစိန်(ဖာပွန်)

ဆောင်းပါးအညွှန်း

မြန်မာ့အလင်း

အများအကျိုး ဖျက်ဆီးမှု၊ ပိတ်ပင် တားဆီးမှုများသည် အကြင်သူ၏ အနာဂတ် ရည်မှန်းချက်ပန်းတိုင် ပျောက်ပြီး လောကသမုဒ်ပြင်ကျယ်၌ ဘဝလှေငယ်မှောက်ကာ နစ်မြုပ်ပျက်စီးစေနိုင်ကြောင်း သိနားလည်ကြစေချင်ပါသည်။

ချစ်နိုင်(စိတ်ပညာ)၏ ဆောင်းပါး စာ - ၁၀

နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင်မြားပစ်အားကစားသမားများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရနေသည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ ပထမအကြိမ် အာရှ Compound ပြိုင်ပွဲ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို တည်ထောင်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်မျှသာရှိသေးသော်လည်း နိုင်ငံတကာပြိုင်ပွဲများတွင် ရယူနိုင်ခဲ့သည့် အောင်မြင်မှုများက မနည်းလှပါချေ။ အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ပေါင်းများစွာ ရယူနိုင်ခဲ့သလို ကမ္ဘာ့ထိပ်တန်းကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်သည့် အိုလံပစ်အားကစားပြိုင်ပွဲများ၌ ဆုတံဆိပ် မရယူနိုင်သော်လည်း မြန်မာမြားပစ်အားကစားသမားများသည် အဆင့်အတန်းမီပြီး အစွမ်းအစရှိကြောင်း ပြသနိုင်ခဲ့သည်။ အမိနိုင်ငံ၏ ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသည်။

ရွှေ၊ ငွေ၊ ကြေး

၁၉၉၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် နှစ်နှစ်အကြာမှာပင် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေငွေ၊ ကြေးဆုတံဆိပ်များရရှိသည်အထိ *စာမျက်နှာ ၁၃ ကော်လံ ၁* ●